ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (31-10-2010) (ဖ၅၆၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မြေပုံနှင့် မင်းပြားမြို့နယ်များအတွင်း မုန်တိုင်းဒဏ်ခံရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၊ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၉ ရက်တွင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြေပုံမြို့နယ် ရေနီကြီး၊ သင်ပေါင်းချောင်းနှင့် ငရွှေပြင်ကျေးရွာများ၏ ပျက်စီးယိုယွင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ◆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့လူ့ဘောင်၏ လူနေမှုဟန် အပြောင်းအလဲတွင် တိုးတက်ဖြစ်ထွန်းလာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ

ယနေ့ ပြောင်းလဲတိုးတက်နေသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကြောင့် ကမ္ဘာကြီးသည် ကမ္ဘာ့ရွာကြီး (Global Village) ဖြစ်လာသည်။ ယင်းနောက် မည်မျှသုံးသုံး ကုန်ခန်းသွားခြင်းမရှိသော ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအရင်းအမြစ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။ ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်နေသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့်အညီ မြန်မာ့ဆက်သွယ်ရေး ကဏ္ဍကိုလည်း ခေတ်မီမီ ကမ္ဘာနှင့်ယှဉ်ပြီး တိုးချဲ့ဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်ထောင်စုကြီး၏ မိုးကုတ်စက်ဝိုင်းအထိ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံချိတ်ဆက်မိအောင် ဖော်ဆောင်ပေးမှုများမှာ ယနေ့ အံ့မခန်းဖွယ်ပင် တွေ့မြင်နေရသည်။

ရှေးယခင်ခေတ်ကာလက မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့ချေ။ စာတိုက်စခန်းနှင့် ကြေးနန်းရုံးလောက်သာ ထူထောင်ပေးနိုင်ခဲ့ပြီး ဒေသတစ်ခုနှင့်တစ်ခု ခက်ခဲစွာ ဆက်သွယ်ခဲ့ရသည်။ ဒေသတစ်ခုသို့ စာလေးတစ်စောင် ရောက်ရှိရန်အတွက် ရက်သတ္တပတ်များစွာကြာအောင် စောင့်စားခဲ့ရသည်။ ဝေးလံခေါင်းပါးသော ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများအတွက်မူ ဆက်သွယ်မှုမှာ မျှော်မှန်း၍ပင် မရနိုင်ခဲ့ချေ။ ၁၉၈၈ ခုနှစ်ကာလအထိ ရန်ကုန်၊ မန္တလေး မြို့ကြီးများလောက်တွင်သာ သောင်းဂဏန်းမျှသာရှိသော တယ်လီဖုန်းစနစ်ဖြင့် ကျေနပ်နေခဲ့ရသည်။ အခြားမြို့များတွင်မူ ခေါ်မရတစ်ချက်၊ ခေါ်ရတစ်ချက် လက်လှည့်တယ်လီဖုန်းကိုသာ အားကိုးခဲ့ရသည်။ မှတ်မှတ်ရရဆိုရလျှင် စေတုတ္တရာ ဘုရားမှ ကျွန်တော့်ဘကြီးဆုံးသဖြင့် အကြောင်းကြားလိုက်သော သံကြိုးစာသည် ရန်ကုန်မြို့ရှိ ကျွန်တော့်ထံသို့ ရက်လည်ပြီးသည့်နေ့မှ ရောက်လာခဲ့သဖြင့် အဝေးမှပင် ကောင်းရာသုဂတိရောက်ပါစေဟုသာ ဆုတောင်းခဲ့ရသည်။

ယနေ့ မြန်မာ့ဆက်သွယ်ရေးစနစ်မှာ များစွာ တိုးတက်ပြောင်းလဲလာပြီဖြစ်သည်။ လမ်းပန်းသာ၍ ကိုယ်တိုင်သွားရောက်ခဲ့သော ယခင်က ဝေးလံခေါင်းပါးသည်ဆိုသည့် ကျေးလက်တောရွာတိုင်းတွင် တယ်လီဖုန်းများ ရှိနေပြီဖြစ်သည်။ ကျေးရွာအများစုတွင် ယခင် သက်ငယ်မိုး တဲငယ်လေးများပုံစံမှ ယခု သွပ်မိုးပြောင်ပြောင်၊ စလောင်းထောင်ထောင် တွေ့လာရသည်။ အချို့ရွာများတွင်မူ ဆိုင်ကယ် တစီစီနှင့် လက်ကိုင်ဖုန်းတကားကားလုပ်နေသော ကာလသားများကို တွေ့ရသည်။ ထို့ပြင်မက ယနေ့ အခေါ် အင်တာနက်ကဖေးဟုဆိုသည့် ဆိုင်ငယ်လေးများကို **စာမျက်နှာ ၆ ကော်လံ ၁ သို့** ■

၃၁-၁၀-၂၀၁၀
(တနင်္ဂနွေနေ့)

ဒီမိုကရေစီဖြစ်တည်ရေး စုံညီဆန္ဒမဲပေး

ပြည်သူအများ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ပြင်ဆင်လျက်ရှိသည်။

မြန်မာ့နိုင်ငံရေးလမ်းကြောင်းတွင် ခေတ်စနစ်တစ်ခုပြောင်းလဲမှုအတွက် ဒီမိုကရေစီ အခွင့်အလမ်းရရှိခြင်းဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲကျင်းပ၍ ဆန္ဒမဲပေးခြင်းသည် မဖြစ်မနေ ပါရှိနေမည်ဖြစ်သည်။ မိမိ၏ဆန္ဒနှင့်အညီ လွတ်လွတ်လပ်လပ် မဲပေးရွေးချယ်ဆန္ဒပြုနိုင်ခြင်းသည် အခြေခံလူ့အခွင့်အရေးတစ်ရပ် ဖြစ်သည်။

ရွေးကောက်ပွဲ ဥပဒေသတ်မှတ်ချက်နှင့် ကိုက်ညီသည့် မြန်မာနိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားပြီး အသက် (၁၈)နှစ်ပြည့်သူတိုင်း ဆန္ဒမဲပေးနိုင်ကြမည် ဖြစ်သည်။ နိုင်ငံခြားတွင် တရားဝင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသူ၊ ပညာသင်ကြားနေကြသူ မြန်မာနိုင်ငံသားများပင် မြန်မာသံရုံးများတွင် မဲပေးနိုင်ကြမည်ဖြစ်သည်။

နိုင်ငံသားတစ်ဦးအနေဖြင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ခြင်းသည် အခြေခံရပိုင်ခွင့်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံသားတိုင်း ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ ဒီမိုကရေစီကို တန်ဖိုးထားသူတိုင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေး အသွင်ကူးပြောင်းလိုသူတိုင်းက ရွေးကောက်ပွဲတွင် မပျက်မကွက် ပါဝင်မဲပေးကြရပေမည်။

သို့သော် အချို့အချို့သောသူတို့က ရွေးကောက်ပွဲတွင် မဲမပေးရေး ပြောဆိုရေးသား လုပ်ဆောင်နေမှုများကိုလည်း ကြားသိနေရပြန်သည်။ ခေတ်သစ်တစ်ခု ပြောင်းလဲမှုအတွက် ပါတီစုံဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းနေကြသူများအား အတွေးချော်စေမည့် အဖျက်အမှောင့်စကားများဖြင့် နားယောင်စေရေး လုပ်ဆောင်နေကြပြန်သည်။ ယင်းသည် အခြားသူများရရှိနေသော ဒီမိုကရေစီအခွင့်အရေးကို ချိုးဖောက်ရာရောက်သည့်အပြင် မိမိတို့၏ အခွင့်အရေးကိုလည်း ပိတ်ပင်ရာရောက်ပေသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာရေးအတွက် ခရီးအစတစ်ခုဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူတိုင်းက မိမိတို့ရရှိနေသည့် ဒီမိုကရေစီ အခွင့်အလမ်းနှင့်အညီ နိုင်ငံနှင့်ပြည်သူ့အကျိုး စိတ်ရင်းစေတနာကောင်းဖြင့် ဖြည့်စွမ်းဖော်ဆောင်ပေးနိုင်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများကို မှန်မှန်ကန်ကန် ဆန္ဒမဲပေးရွေးချယ်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ပိုလ်မှူးချုပ်စိုးလွင် ရွှေဘိုခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် အောက်တိုဘာ ၂၀ ရက်တွင် ရွှေဘိုခရိုင် ခရိုင်ချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝက်လက်မြို့နယ် တမာကန်ကျေးရွာ၌ တောင်သူတစ်ဦး စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းကို ကြည့်ရှုပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ တိုင်းမှူးသည် ရွှေဘိုမြို့နယ် ရတနာသိယ်တံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရွှေဘို-ကျောက်မြောင်းလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်မြောင်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က တပ်ရင်းမိသားစုဝင်များအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ချီးမြှင့်ငွေများပေးအပ်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သက်တန်းအလိုက် ပြိုင်ပွဲ၌ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးကြီးဝင်းဆွေ (ငြိမ်း)က အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ အောင်ကျော်နိုင်၊ ဒုတိယဆုရ မင်းမင်းနှင့် ပူးတွဲတတိယဆုရရှိကြသော ဖြိုးမင်းသာနှင့် ရာဇာထွန်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ မင်းမင်း-ဖြိုးမင်းသာ အတွဲ၊ ဒုတိယဆုရ အောင်ကိုဦး-အောင်ကျော်နိုင် အတွဲ၊ ပူးတွဲတတိယဆုရရှိကြသော အောင်မိုး-အေးထွန်းအတွဲနှင့် ဇင်ဘို-နောင်စစ်သူဇော် အတွဲတို့အား လည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်အေးအေးက အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ သန္တာအောင်၊ ဒုတိယဆုရ နီလာဝင်းနှင့် ပူးတွဲတတိယဆုရရှိကြသော ဖူးဖူးနှင့် ဇင်မာထွေး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဖူးဖူး- ဇင်မာထွေးအတွဲ၊ ဒုတိယဆုရ နီလာဝင်း-ယဉ်သူဇာလွင် အတွဲ၊ ပူးတွဲတတိယဆုရရှိကြသော ထားထားလွင်-မြတ်နိုးအေး အတွဲနှင့် ခိုင်ငြိမ်းသာ-သန္တာအောင်အတွဲတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြစဉ်။
(တင်းနစ်အဖွဲ့ချုပ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၂)ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၂)တွင် ယာဉ်ကြောမပိတ်အောင် မီးပွိုင့်များကို နက်ဝပ်ချိတ်၍ ထိန်းချုပ်တော့မည်၊ မလေးရှားက မြန်မာတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဆောက်မည်၊ တရုတ်အကြီးဆုံး သစ်သီးဝလံဈေးသစ်ကြီးတွင် မြန်မာ့သစ်သီးဝလံများ ရောင်းချရန်စီစဉ်၊ သာကြီးတောင်မှ အရာတော်သို့ ပို့လွှတ်နေသော ရေနံပိုက်လိုင်းပေါက် ရေနံသယ်ယူသည့် လူ ၁၄ ဦးသေ၊ ၁၂ ဦးဒဏ်ရာရ၊ ငါးပြပွဲနှင့် ပြိုင်ပွဲကျင်းပမည်၊ မြန်မာများ ထိုင်းရှိ ကွန်ဒိုတိုက်ခန်းများကို အမည်ပေါက်ဖြင့်ဝယ်နိုင်၊ နေပြည်တော်ပျဉ်းမနား၌ ကားနှင့် ရထားတိုက်၊ Wi Fi စနစ် ပိုမိုအသုံးပြုနိုင်ရန် လေးနေရာတိုးချဲ့၊ အိမ်ခြံမြေလုပ်ငန်းများ ရွေးကောက်ပွဲအပြီးကာလ၌ ပြန်လည်ကောင်းမွန်လာနိုင်၊ စင်ကာပူမှ မြန်မာလုပ်သားများကို ခေါ်ယူမှုပြန်မြင့်လာ၊ မြောက်ဦးမြို့ ရွှေတောင်စေတီတော်အား မိုးကြိုးထိမှန်စသည့် ပြည်တွင်းသတင်းများ၊ သေခြင်းနှင့်အတူနေရသူ Opinion ကဏ္ဍ၊ ဦးဘသန်းရာဇဝင်လာ ငဇင်ကာအကြောင်း စသည်ဖြင့် Culture & History ဖတ်စရာမှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

“မဲဆန္ဒရှင်တွေက ယုံကြည်ကိုးစားလောက်တဲ့ လူမျိုးကို လိုလားခဲ့ကြတာပါ” နိုင်ငံရေးလေ့လာသုံးသပ်သူ ကားရို့နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း၊ ငွေကြေးစစ်ပွဲတဲ့လား စသည့် နိုင်ငံတကာအင်တာဗျူးသုံးသပ်ချက် ဆောင်းပါးများနှင့်အတူ မြောက်ကိုရီးယားက တတိယအကြိမ် နျူကလီးယားစမ်းသပ်မှု ရှိ၊ မရှိ တောင်ကိုရီးယားနှင့် အမေရိကန်တို့က အနီးကပ်စောင့်ကြည့်၊ မယုံနိုင်ဖွယ်ရာ လိင်စိတ်ဖောက်ပြန်နေသူ လူသတ်သမား၏ အမှု၊ ဘောလုံးပုရောဟိတ် ရေဘဝဲလေးပေါလ် သေဆုံးရာပြီ၊ အာရှတွင် ပင်လယ်ဓားပြတိုက်မှု မြင့်တက်လာ၊ မြောက်ကိုရီးယားတွင် ကြီးမားသော စားနပ်ရိက္ခာအကျပ်ဆိုက်မှု ရင်ဆိုင်ရဖွယ်ရှိ၊ ဆူနာမီကြောင့် အင်ဒိုနီးရှားတွင် လူ ၁၁၃ ဦးသေ ၅၀၀ ပျောက်ဆုံး၊ ငွေကြေးစစ်ပွဲက ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးကို ထိခိုက်စေဖွယ်ရှိ၊ သားမြတ်ကင်ဆာအား ပုံမပျက် ဖြတ်တောက်ကုသသည့် နည်းသစ်တွေ့ရှိ၊ မြေလျင်လှုပ်ခတ်သည့်အချိန်တွင် လသည် ကမ္ဘာမြေအတွင်း ချဉ်းကပ်လာ၊ လီဆောင်ဂီနှင့် ရှင်မင်အတို့ ကြော်ငြာရှင်များ၏ ရွေးချယ်မှုဆုချီးမြှင့်ခံရ စသည့် နိုင်ငံတကာသတင်းများ၊ ခတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁၀-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၈) စာကြီးသား (ပနီပင်)၏ “စိတ်ကြိုက်ရွေးချယ် မဲပေးကြမယ်” (ဆောင်းပါး) ကော်လံ(၃) တတိယစာပိုဒ်တွင် တော်သလင်းလဆန်း (၁) ရက်နေ့ (အစား) တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)**

အောက်တိုဘာ ၉ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဒုတိယတန်းမှ ပထမဆုရရှိသော မောင်ရှိုင်းဝဏ္ဏထိုက်အား ကျောင်းအုပ်ဆရာမကြီးဒေါ်ဥမ္မာမြင့် ဆုချီးမြှင့်စဉ်။ (၆၃)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း (၁၀) လမ်းထိပ်နေ မိဘများဖြစ်ကြသော ဦးအကီး-ဒေါ်ညွှန့်ရွှေ၊ အစ်ကို ဦးလှရွှေတို့အား ရည်စူး၍ ညီမ ဒေါ်မြင့်မြင့်လှိုင် (ကန်ကော်လေးထီဆိုင်)က ရေလျှောင်ကန်သစ်ကြီးအတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၃၀

ပြည်တွင်း ပြည်ပရှိ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် AKP International Hotel & Tourism Centre က F&B Service Associates များအတွက် အဖျော်ယမကာ တည်ခင်းဝန်ဆောင်မှုသင်တန်း၊ F&B Production Associates စားဖိုမှူးများအတွက် အစားအစာပြင်ဆင် ထုတ်လုပ်မှုသင်တန်း၊ Guest Service Agent များအတွက် ဧည့်ကြိုသင်တန်း၊ H/K Associates များအတွက် အိပ်ခန်းဆောင် ထိန်းသိမ်းရေး ဝန်ဆောင်မှုသင်တန်းများကို နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများ၊ စံသတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာ သင်ကြားပေးလျက်ရှိသည်။

ယင်းသို့ သင်ကြားပေးလျက်ရှိရာ အစားအစာနှင့် အဖျော်ယမကာ တည်ခင်းဝန်ဆောင်မှု သင်တန်းတွင် F&B Service Associates များအတွက် Personal Hygiene & Grooming၊ Safety at Work၊ Food & Beverage Knowledges၊ Responsibilities of F & B Associates၊ Mise-en plus procedure Tables setting. Using Equipment, Utensils, Glassware, China Dishes. Plattes, Bowls and other containers နှင့် Service Techniques, Service styles, Service methods , Taking Berverage order, Napkins Folding များကိုပါ ထည့်သွင်းသင်ကြားပေးနေသည်။

ထို့အပြင် နိုင်ငံတကာအဆင့် အစားအစာ ပြင်ဆင်ချက်ပြုတ်မှုသင်တန်းတွင် Food Safety Personal Hygiene & Grooming, Safety at work, International Cooking Techniques, European Cuisine, Asian Cuisine နှင့် International Cuisine များကို ထည့်သွင်းသင်ကြားပေးလျက်ရှိရာ နိုဝင်ဘာ ၁ ရက်တွင် တန်းခွဲသစ်များကို ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းများတွင် ဝန်ထမ်းများလိုအပ်ပါက အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း-၂၅၄၅၄၁ နှင့် ၂၅၀၄၈၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

ထို့နောက် မင်းပြားမြို့နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းအတွင်း မုန်တိုင်းဒဏ်ခံခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တပ်ရင်းခန်းမ၌ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်လှမင်းနှင့် အဖွဲ့ဝင်များက တပ်ရင်းမိသားစုဝင်များအတွက် ချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မင်းပြားမြို့နယ် အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြေပုံမြို့နယ်ရှိ ကျောက်ငှားး၊ ကမ်းနီတောင်နှင့် ကြာအင်းတောင်ကျေးရွာ၊ မင်းပြားမြို့နယ်ရှိ မယ်လွမ်း၊ ဖားပျော်နှင့် ကြက်ယက်ကျေးရွာ၊ ပေါက်တောမြို့နယ်ရှိ ကျောက်ကုတ်၊ ကန်သာနှင့် တောင်ညိုကျေးရွာတို့၏ မုန်တိုင်းဒဏ်ခံရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပေါက်တောမြို့နယ်ခန်းမ၌ ကျင်းပသည့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပေးပို့ထောက်ပံ့

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ပေါက်တောမြို့နယ်အတွင်း လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြရာ ဗိုလ်ချုပ်လှမင်းက ထောက်ပံ့ရေးပစ္စည်းများကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများမှ ပြည်သူများထံ ထိရောက်မြန်ဆန်စွာ ပေးပို့ထောက်ပံ့မှုဆောင်ရွက်ရာတွင် ဒေသခံ ပြည်သူများအနေဖြင့် တာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဝန်ကြီး ဦးသိန်းဆွေတို့က ရခိုင်ပြည်နယ်အတွင်း လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကွပ်ကဲ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဘေးသင့် အိမ်ထောင်စုများအတွက် စားသောက်ကုန်နှင့် ရွက်ဖျင်တဲများပေးအပ်ကြရာ ရပ်ကွက်နှင့် ကျေးရွာအလိုက် တာဝန်ရှိသူများက လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ပေါက်တောမြို့နယ်ခန်းမ၌ လေဘေးသင့်အိမ်ထောင်စုများအတွက် စားသောက်ကုန်များ ပေးအပ်စဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ပေါက်တောမြို့နယ်ခန်းမ၌ လေဘေးသင့်အိမ်ထောင်စုများအတွက် ရွက်ဖျင်တဲများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ - ၂၀၁၀ i2P Princess ပါဝင်ပြသ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာ့သတင်း အချက်အလက်နှင့် နည်းပညာပြပွဲ-၂၀၁၀ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ပြသလျက်ရှိရာ HIGHTECH PRINCESS COMPANY LIMITED. (Member of Princess & Group)၏ i2P Princess ပြခန်းတွင် ပြပွဲလာ ဧည့်ပရိသတ်များက အိမ်အရောက် အင်တာနက်စနစ် (Fiber To The Home) အကြောင်းကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာပြီး မြို့နယ်အသီးသီးမှ Fiber To The Home (FTTH)စနစ် တပ်ဆင်ထားရန်အတွက် ဆက်သွယ်လျှောက်ထားသူများဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

FTTH Service သည် ကြေးနန်းမျှင် (Copper Cable)ဖြင့် အသုံးပြုသော မြန်နှုန်းဖြင့် အင်တာနက်ပေါ်တွင် အစားထိုးရန်ပေါ်ပေါက်လာသော နည်းပညာအသစ်ဖြစ်သည်။ FTTH ၏ အားသာချက်မှာ သာမန်သုံးစွဲနေသော အင်တာနက်တစ်ခုတည်းသာမက တယ်လီဖုန်းလိုင်း (VOIP)၊ ရုပ်သံလိုင်း (IPTV)၊ အင်တာနက် (Internet)တို့ကို အလင်းဖန်မျှင် (Fiber Optic Cable)သုံးစွဲပါက ကီလိုမီတာပေါင်းများစွာ Gigabit Ethernet ကိုဝန်ဆောင်မှုပေးနိုင်သည်။ အလင်းဖန်မျှင်၏ အမြန်နှုန်းနှင့် အကွာအဝေးကန့်သတ်ချက်များမှာ မရှိသလောက် နည်းပါးခြင်းကြောင့် FTTH Service သည် XDSL နေရာတွင် အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။

Hightech Princess Company သည် IT လုပ်ငန်းနှင့် နည်းပညာပိုင်းဆိုင်ရာနယ်ပယ်တွင် ၁၅ နှစ် အတွေ့အကြုံရှိပြီး IT လုပ်ငန်းနှင့် e-security (လုံခြုံရေး)အစရှိသည့် လုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်ခဲ့သည်။ E-mail ဝန်ဆောင်မှု၊ Internet ဝန်ဆောင်မှု၊ Networking နှင့် သက်ဆိုင်သည့် IT Solution Service များ၊ Public Level IT Solution Service များကို ဝန်ဆောင်မှုဆောင်ရွက်ပေးခဲ့သည်။

Fiber To The Home (FTTH) Service ရယူလိုသူများသည် Hightech Princess Show Room (၃၃-၁) ဗိုလ်ရာညွန့်လမ်း ရောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ဖုန်း-၂၅၃၂၂၅၊ ၂၄၆၁၈၆၊ အမှတ်(၇၀၇)ကွန်ဒို-ဘီ၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၈၀၈၅၊ လိုင်းခွဲ-(၃၃၁) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ပညာပေးဟောပြော

မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က သဲဖြူကျေးရွာအုပ်စု ငပျဉ်းချောင်း ကျောင်းတိုက်ဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ သဲဖြူရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းကိုနှင့် ငပျဉ်းချောင်းရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်မြင့်စိုးတို့က အမှာစကားပြောကြားပြီး ဆကာကြီးရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ကံထွန်းက မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ (ကြေးမုံ)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၃၀

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆုဝတ္ထုရှည် (ဒုတိယဆုရ) မင်းဇေယျရေးသားသည့် "ငယ်သော်လှသည်" စာအုပ်ကို စာအုပ်အသင်း၏ (၆၅)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည်အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့်ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချယ်ရီလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်

ကွန်ဟိန်း အောက်တိုဘာ ၃၀

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၄) ရပ်ကွက် ပြည်သူများ ပူးပေါင်း၍ ချယ်ရီလမ်းပြုပြင်ခြင်းနှင့် ဖြူနှံသဲခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၄ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးမောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဝိပဿနာအားထုတ်လျှင် ကုသိုလ်စုံလင်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၇)**
- ၈း၅၀ အလှမှာနည်းပညာဆင့် အမြင်ဆန်းမည့်ရောဝတီ (အပိုင်း-၂)
- ၉း၁၀ အနာဂတ်အတွက်ရည်ရွယ် လှူဒါန်းကုသိုလ်ပြုရာဝယ်
- ၉း၃၀ Sunday Talk (မျိုးမြတ်သူ၊ ကိုကိုလှိုင်)
- ၁၀း၁၅ Activities in The City - စိမ့်နေခြည်၏"တို့အချစ်" တေးစီးရီးမိတ်ဆက်ပွဲနှင့် Promotion ပွဲ - SKY-NET.DTH (Direct To Home)& MPS (Multi-Play-Service) စာနယ်ဇင်းမိတ်ဆက်ပွဲ
- ၁၀း၅၀ ဗီဒီယိုပြခန်း
- ၁၁း၁၀ ဈေးဝယ်လမ်းညွှန် (Thanlwin Homemart)
- ၁၁း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၃)
- ၁၂း၀၀ သက်တံရောင်ကမ္ဘာထဲက TOA Color World
- ၁၂း၃၀ သွားမယ်စားမယ် (Cafe 47)
- ၁း၀၀ "ဝိပဿနာအားထုတ်လျှင် ကုသိုလ်စုံလင်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ဈေးကြီးတာကောင်းတယ်၊ ဈေးမကြီးတာကောင်းတယ်)
- ၃း၂၅ တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ. . .
- ၃း၃၀ Kid's Show
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၇)**
- ၄း၅၅ အမ်ပီယာပြည့်ဝ တောက်ပစေမည့် အလင်းရောင်တို့အားပေးစွမ်းနိုင်သော TOYO BATTERY
- ၅း၁၀ FMF Selection
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၁)**
- ၇း၂၀ memories of the 1980' Music Concert (Part-1)
- ၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် - ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
- ၈း၂၅ Barclays Premier League (Newcastle Vs Sunderland)
- ၁၀း၀၀ ဟိုတယ်လမ်းညွှန် (မန္တလေးဆီဒိုးနားဟိုတယ်)
- ၁၀း၂၅ Barclays Premier League (Bolton Vs Liverpool)
- ၁၂း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၈)**
- ၁း၀၅ သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီတာအောင်)
- ၁း၄၀ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
- ၁း၅၅ ပန်းချီပြခန်း (The 3rd Grand Art Stream Family Art Exhibition 2010)
- ၂း၁၀ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး
- ၂း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၂း၅၅ ဓလေ့ရိုးရာ ရှမ်းရွာလေးများ
- ၃း၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နော်လီဇာ)
- ၃း၅၅ ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၄း၀၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၄း၁၅ လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်
- ၄း၂၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
- ၄း၅၀ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်	ပွဲစဉ်	ပြသမည့်လိုင်း
၆း၂၅	Aston Villa - Birmingham	STAR SPORTS (Live)
၇း၅၅	Newcastle - Sunderland	ESPN (Live)
၁၀း၂၅	Bolton - Liverpool	ESPN (Live)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပမည့် ၂၀၁၀ ခုနှစ် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင် ကျင်းပမည့် ၂၀၁၀ ခုနှစ် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားကာ အဖွဲ့ခေါင်းဆောင်ထံ အောင်နိုင်ရေးအလံ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ တာဝန်ခံနာယကများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ အသင်းအုပ်ချုပ်သူများ၊နည်းပြများနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာအားကစားအဖွဲ့များက အားကစားအဖွဲ့အလိုက် ဂါရဝပြု မိတ်ဆက်ကြပြီး မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမှာစကားပြောကြားရာ၌ မြန်မာအားကစားအဖွဲ့အနေဖြင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းခုနစ်မျိုး၊အားကစားသမားအင်အား ၄၀ ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၄၅ နိုင်ငံအနက် အဆင့် ၂၇ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့မှုသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် ၁၉၅၁ ခုနှစ် အိန္ဒိယနိုင်ငံ၌ စတင်ကျင်းပခဲ့သည့် ပထမအကြိမ် အာရှအားကစားပြိုင်ပွဲမှ စတင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၈၂ ခုနှစ် တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ဒသမအကြိမ် အာရှအားကစားပြိုင်ပွဲမှ လွဲ၍ ပြိုင်ပွဲတိုင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မြင့်မားသောစိတ်ဓာတ်၊ ခိုင်မာသောစည်းကမ်း၊ ပြင်းထန်သော လေ့ကျင့်မှုနှင့် ခိုင်မြဲသောစည်းလုံးညီညွတ်မှုတို့ဖြင့် အာရှအားကစားပြိုင်ပွဲသမိုင်းတွင် အောင်မြင်မှုမှတ်တမ်းတင်နိုင်အောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

ယနေ့ မိမိတို့ကို နိုင်ငံတော်က အပ်နှင်းလိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်သည် မိမိတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ဒြပ်ရော၊ မိမိတို့အပေါ် ကျရောက်လာသည့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဆိုသော ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အောင်လံ တလူလူ လွင့်ပျံစေရအောင် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင် အောင်ပန်းဆွတ်ခဲ့ကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း၊ ယခုပြိုင်ပွဲတွင် အောင်စိတ်၊ နိုင်စိတ်၊ သန္နိဋ္ဌာန်စိတ်တို့ အပြည့်အဝမွေးမြူပြီး နိုင်ငံတော်အတွက် အောင်နိုင်ဆု ဆုတံဆိပ်များကို မလွတ်တမ်း ရယူဆွတ်ခူးသွားနိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက မြန်မာအားကစားအဖွဲ့ခေါင်းဆောင်ထံ (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။ ထို့နောက် မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က ကတိပြုစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အားကစားအဖွဲ့ချုပ်အသီးသီးမှ ခင်းကျင်းပြသထားသော အားကစားသမားများ အသုံးပြုမည့် အထောက်အကူပြု အားကစားပစ္စည်းများကို ကြည့်ရှုကြကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင် ကျင်းပမည့် ၂၀၁၀ ခုနှစ် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်ထံ အောင်နိုင်ရေးအလံ ပေးအပ်စဉ်။

(အား/ကာ)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၃၀

တရားရုံးချုပ် နေပြည်တော်မှ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် အောက်တိုဘာ ၂၉ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရတင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ် (၁၄/၂၀၁၀)နှင့် (၁၅/၂၀၁၀)တို့ကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေချည်(၆) ဝါစိုက်ခင်း ပြည်၌ ကွင်းဆင်းဆောင်ရွက်

ပြည် အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ငွေချည်(၆) ချည်မျှင်ရှည်ဝါ အောင်မြင်စွာထွက်ရှိနိုင်ရေး နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် အောက်တိုဘာ ၈ရက်က ခရိုင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် သစ်ချိုပင်ကျေးရွာ အုပ်စု၌ စိုက်ပျိုးအောင်မြင်လျက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ အကျိုးတူ စိုက်ဧက ၆၈၈အား ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(အပေါ်ပုံ)**(မြို့နယ်ပြန်/ဆက်)

မြန်မာဝူရှူးအားကစားအဖွဲ့ ရွှေတံဆိပ်ရှစ်ဆု ဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၃၀

၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhengzhou မြို့တွင် ကျင်းပသော (၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရှောင်လင် ဝူရှူးပွဲတော်သို့ သွားရောက်ခဲ့သည့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် လက်ရွေးစင် အားကစားသမားများသည် အောက်တိုဘာ ၂၇ရက် နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ဝူရှူးအားကစားသမားများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုကြသည်။

ဆွတ်ခူး

အဆိုပါပြိုင်ပွဲတွင် မြန်မာဝူရှူး လက်ရွေးစင် အားကစားသမားများ ဖြစ်ကြသည့် ကျော်ဇင်သစ်က ရွှေတံဆိပ်နှစ်ဆု၊ ဝီလျံသိန်းထွန်းက ရွှေတံဆိပ်နှစ်ဆု၊ အေးသစ္စာမြင့်က ရွှေတံဆိပ်နှစ်ဆု၊ ဝေမာထွန်းသိန်းက ရွှေတံဆိပ်နှစ်ဆု စုစုပေါင်း ရွှေတံဆိပ် ရှစ်ဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် MCC Centre ၌ ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် 81 Betch မှ မြို့ပြ အင်ဂျင်နီယာဘွဲ့ရများ ကိုယ်စား ဦးအေးကို၊ ဦးအောင်ကျော်ရှိန်၊ ဦးတင်မောင်ဝင်း၊ ဦးကျော်သန်း၊ ဒေါ်စန်းစန်းအေးနှင့် မမဉ္စူတို့က ငွေကျပ် ၁၀သိန်းကို ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

[၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၇။ တေးဂီတအစီအစဉ်
- ၈း၂၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၃၅ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ "ကျန်းမာသန်ထွား ဉာဏ်မြင့်မား"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၅၆)**
- ၁၂း၃၀ ၅။ Golf Magazine(TV)
- ၁၂း၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်တို့ဖြင့် ရှင်သန်စေ" (ထွန်းထွန်း၊ နဝရတ်၊ ပြည့်ဖူးခိုင်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
- ၂း၃၀ ၇။ ရုပ်မြင်ရသတေးစုသဏ္ဌာ
- ၂း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၅၀ ၉။ အကပြိုင်ပွဲ
- ၂း၅၅ ၁၀။ International News
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ **MNL GRAND ROYAL (2010) အမှတ်ပေး ဘောလုံးပြိုင်ပွဲ (ဒုတိယအကျော့)တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် [Delta United F.C နှင့် မကွေး F.C]**
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ "ဒိုမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
- ၇း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၇)**
- ၈း၀၀ ၇။ ပြည်တွင်းသတင်း
- ၈။ "ဒိုမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၂။ "ကွန်ရက်သဖွယ် ဆက်သွယ်ထား မြန်မာ့မီးရထား လမ်းခရီးများ"
- ၁၃။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၀)**
- ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၆)**
- ၁၅။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
- ၁၆။ အစီအစဉ်ပြီး၏။

နိုဝင်ဘာလထုတ် ကွန်ပျူတာဂျာနယ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

ကွန်ပျူတာ နည်းပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ လက်တွေ့ကွန်ပျူတာ သင်ခန်းစာများ၊ ယနေ့ခေတ် ကွန်ပျူတာ ပစ္စည်း တင်သွင်းရောင်းချသူများအကြား မကြာခဏ ကြားရ၊ မြင်ရ၊ ကြုံရသည့် Parallel Importer များ အကြောင်း၊ ပညာရေး ပရောဂျက်ပြိုင်ပွဲများအကြောင်းနှင့်နည်းပညာလောကတွင် အငြင်းပွားနေဆဲဖြစ်သည့် Cloud Computing နည်းပညာ ဆောင်းပါးများပါဝင်သည့် နိုဝင်ဘာလထုတ် ကွန်ပျူတာဂျာနယ်ကို အောက်တိုဘာ ၂၉ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ထို့အပြင် Parallel Importer များ အကြောင်းကိုလည်း ခြုံငုံသုံးသပ် ဖော်ပြပေးထားပြီး ယခင်ကတည်းက ကျင်းပခဲ့ကာ ယနေ့အထိလည်း ဆက်လက်ကျင်းပနေသည့် အိုင်စီတီဆုများနှင့် ပညာရေးပရောဂျက်ပြိုင်ပွဲများ အကြောင်းကိုလည်း ဖော်ပြထားသည်။ ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်မပြောင်းလဲသော်လည်း ခေတ်နှင့်ညီအောင် ပြောင်းလဲထားသည့် ဆုရွေးချယ်ပုံ စနစ်များ၊ အမှတ်ပေးစည်းမျဉ်းများ၊ ပြိုင်ပွဲဝင်သူများ အဆင်ပြေစေရန် ပြင်ဆင်သတ်မှတ်ပေးလာသည့် ကန့်သတ်ချက်များကိုလည်း စုံစုံလင်လင် ဖော်ပြပေးထားသည်။

ကွန်ပျူတာဂျာနယ်၌ ယခုလတွင် လူငယ်လူရွယ်တစ်ယောက်သည် တစ်နေရာ၌ပင် အောက်ခြေကနေ စွဲစွဲမြဲမြဲ အလုပ်ကို လုပ်ကိုင်ခဲ့သူ၊ ၎င်းလုပ်နေသော အဖွဲ့အစည်းမှာပင် တစ်ဆင့်ပြီးတစ်ဆင့် နေရာရလာသူ၊ ပုံမှန်အတိုင်း အလုပ်လုပ်နေသော ဝန်ထမ်းတစ်ယောက်ဘဝမှ အဖွဲ့အစည်းတွင် အဖွဲ့အစည်း၏ ယုံကြည်ကိုးစားခံလာရသူ၊ ထိုမှတစ်ဆင့် ကုမ္ပဏီတွင် တစ်စိတ်တစ်ဒေသ တာဝန်ရှိလာသူ တစ်ဦးဖြစ်သည့် Client Focus Technology Co., Ltd. ဒါရိုက်တာ ဦးအောင်ကျော်မိုး၏ဘဝနှင့် အတွေ့အကြုံကိုလည်း ဖော်ပြထားသည်။

နည်းပညာနှင့်စပ်လျဉ်း၍လည်း နိုင်ငံတကာတွင် ယနေ့အချိန်အထိ ငြင်းခုံဆဲ၊ ဆွေးနွေးဆဲဖြစ်သော မြန်မာနိုင်ငံရှိ e-government (အစိုးရ၏ လုပ်ငန်းများတွင် အိုင်စီတီနည်းပညာ အသုံးချမှု) လုပ်ငန်းများတွင်လည်း အသုံးချရန် ကြိုးစားနေသည့် Cloud Computing နည်းပညာအကြောင်းကိုလည်း သီးခြားဆောင်းပါးအဖြစ် ဖော်ပြထားသည်။ ထို့အပြင် သီးခြားဆောင်းပါးများအနေဖြင့် ၂၀၁၀ အတွက် မားသားဘုတ် နှိုင်းယှဉ်သုံးသပ်ချက်များ၊ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာနေသည့် Android ဖုန်းများနှင့် အီးဘုတ်များကို ဘယ်လိုရွေးချယ်ဝယ်ယူမလဲ၊ လက်ပ်တော့ကို ကိုယ်တိုင်ပြုပြင်နိုင်မည့် နည်းလမ်းခြောက်ခု စသည့်ဆောင်းပါးများ ပါဝင်သည်။

ယင်းကွန်ပျူတာဂျာနယ်ကို စာအုပ်ဆိုင်များနှင့် စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်း အိမ်အရောက် မှာကြားဖတ်ရှုလိုသူများအနေဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆ နှင့် ၀၉-၅၀၈၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားပါက စာအုပ်ဆိုင်တွင် ရောင်းသော မူရင်းဈေးအတိုင်းပင် အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

မဲပေးရာတွင် 'ပယ်မဲ' မဖြစ်စေရေး သတိပြုရန် အချက်များ

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဝါရှင်တန်ဒေသဝန်းကျင်ရှိ စစ်ဘက်အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်မှု အက်ဖ်ဘီအိုင် စုံစမ်းစစ်ဆေး

ဝါရှင်တန် အောက်တိုဘာ ၃၀-အမေရိကန်နိုင်ငံ မြို့တော်ဝါရှင်တန်ဒေသ အနီးဝန်းကျင်ရှိ စစ်ဘက်ဆိုင်ရာအဆောက်အအုံများကို မည်သူမည်ဝါမှန်း မသိရသူတစ်ဦးက ညဘက်တွင် ချောင်းမြောင်းပစ်ခတ်မှုများပြုလုပ်ခဲ့သည်မှာ လေးကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

စတုတ္ထအကြိမ် ညဘက် သေနတ်ဖြင့်ပစ်ခတ်မှု၏ပစ်မှတ်မှာ ဗာဂျီးနီးယားပြည်နယ် ထရိုင်အင်ဟဲလ်မြို့ရှိ မရိန်းတပ်ဖွဲ့၏ ပြတိုက်အဆောက်အအုံဖြစ်သည်။ အဆိုပါ ပြတိုက်ကိုပစ်ခတ်မှုမှာ တစ်လအတွင်း ဒုတိယအကြိမ်ဖြစ်သည်။

ဗာဂျီးနီးယားပြည်နယ်ချန့်တလီမြို့ရှိ မရိန်းတပ်ဖွဲ့၏ တပ်သားသစ်စုဆောင်းရေးဌာန အဆောက်အအုံကို အောက်တိုဘာ ၂၅ ရက်ညက ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ဒုတိယအကြိမ်ပစ်ခတ်မှုမှာ မရိန်းတပ်ဖွဲ့၏ ပြတိုက်အဆောက်အအုံဖြစ်ပြီး တတိယအကြိမ်အဖြစ် ပင်တဂွန်စစ်ဌာနချုပ် အဆောက်အအုံကို ပစ်မှတ်ထားကာ ပစ်ခတ်ခဲ့သည်။

စစ်ဘက်ဆိုင်ရာအဆောက်အအုံများကို တမင်ရွေးချယ်ကာ လေးညတိုင်တိုင် ပစ်ခတ်မှုများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်ခဲ့မှုမှာ ဆက်စပ်မှုရှိနိုင်သည်ဟု အက်ဖ်ဘီအိုင်ကယူဆသည်။

မရိန်းတပ်ဖွဲ့၏ ပြတိုက်မှဝန်ထမ်းများသည် အောက်တိုဘာ ၂၉ ရက်က ပြတိုက်သို့ရောက်ရှိချိန်တွင် ကျည်ဆန်အပေါက်အသစ်များကို တွေ့ရှိရကြောင်း ပြတိုက်အရာရှိတစ်ဦးက ပြောကြားသည်။

ပြတိုက်တွင်းရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိသည့်အပြင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှုမရှိပေ။

သေနတ်သမားမှာ တစ်ဦးတည်းဟု ယူဆရပြီး ၎င်းလက်နက်ချရန် အက်ဖ်ဘီအိုင်ကတိုက်တွန်းသည်။ ***အင်တာနက်။***

အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းက ဒုံးကျည်ပစ်လွှတ်လိုက်သည်ကို တွေ့ရစဉ်။(*ဓာတ်ပုံ-အင်တာနက်*)

မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှု အမေရိကန်သံအမတ်သစ် ကာကွယ်ပြောဆို

အစ္စလာမ်မာဘတ် အောက်တိုဘာ ၃၀

ပါကစ္စတန်နိုင်ငံရှိ လူမျိုးစုတိုင်းရင်းသားများ နေထိုင်ရာဒေသများ၌ မောင်းသူမဲ့လေယာဉ်များကို အသုံးပြုကာ ဒုံးကျည်များဖြင့် ပစ်ခတ်မှုများ ပြုလုပ်နေခြင်းနှင့်ပတ်သက်၍ ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်သစ်က ကာကွယ်ပြောကြားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခြင်းမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ၏ လိုအပ်ချက်အရ ဖြစ်ကြောင်း၊ ယင်းမှာ စစ်သွေးကြွများအား ချေမှုန်းနိုင်ရန်အတွက် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း အမေရိကန်သံအမတ်ကြီး ကင်မရွန်းမွန်တာက ကရာချိမြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ကင်မရွန်းမွန်တာသည် ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်သစ်အဖြစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်တာဝန်ထမ်းဆောင်သူဖြစ်သည်။

ပါကစ္စကန် ပိုင်နက်နယ်မြေအတွင်း မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခြင်းများကို ဆက်တိုက်ပြုလုပ်ခဲ့သော်လည်း အမေရိကန် တာဝန်ရှိသူတစ်ဦးအနေဖြင့် လူသိရှင်ကြား မှတ်ချက်ပြု ပြောဆိုခြင်းမှာ ရှားရှားပါးပါး ဖြစ်ရပ်ဖြစ်သည်။

အမေရိကန်မောင်းသူမဲ့လေယာဉ်များ၏ ပစ်မှတ်မှာ ဝါဇီရစ္စတန်ပြည်နယ်ရှိ အယ်လ်ခိုင်ဒါနှင့် တာလီဘန်စစ်သွေးကြွများ၏ ပုန်းခိုရာနေရာများအဖြစ် မသင်္ကာရသည့် နေရာများဖြစ်သည်။ ပါကစ္စတန်တာလီဘန် ခေါင်းဆောင်များဖြစ်သော ဟာကီမူလာမာဆွတ်၊ ဟာမစ်ဂူလ်ဘဟာဒူးနှင့် မူလာနာဇီတို့သည် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများ၌ ခိုအောင်းနေထိုင်လျက်ရှိသည်ဟု အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က ယူဆသည်။ တာလီဘန်ခေါင်းဆောင်များသည် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များအား တိုက်ခိုက်နိုင်ရန် အာဖဂန်နစ္စတန်နိုင်ငံသို့ စစ်သွေးကြွများအား စေလွှတ်နေသည်ဟု အမေရိကန်က စွပ်စွဲထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ်တွေ့ရှိမှုကြောင့် အမေရိကန်ကုန်တင်လေယာဉ်များ ဗုံးလန့်မှုဖြစ်ပွား

နယူးယောက် အောက်တိုဘာ ၃၀-ဗြိတိန်နိုင်ငံရှိ ဒေသဆိုင်ရာလေဆိပ်တစ်ခု၌ အမေရိကန်ကုန်တင်လေယာဉ်တစ်စင်းပေါ်တွင် မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ်ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အမေရိကန်နိုင်ငံ ဖီလာဒဲဖီးယားနိုင်ငံတကာလေဆိပ်နှင့် နီးဝပ်လစ်ဘာတီလေဆိပ်တို့ရှိ ကုန်တင်လေယာဉ်များကို ဗုံးကျွမ်းကျင်သူများက ရှာဖွေစစ်ဆေးခဲ့ရကြောင်း မြို့ပြလေကြောင်းတာဝန်ရှိသူများက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

ဖီလာဒဲဖီးယားလေဆိပ်နှင့် နီးဝပ်လစ်ဘာတီလေဆိပ်တို့၌ ချောချောမွေ့မွေ့ဆင်းသက်ခဲ့ကြသော ကုန်တင်လေယာဉ်များပေါ်တွင် မသင်္ကာဖွယ်ရာအထုပ်များ ပါရှိသည်ဟုဆိုကာ ဗုံးလန့်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုံခြုံရေးဌာနက ပြောကြားသည်။

ပုံမှားရိုက်

အင်္ဂလန်အလယ်ပိုင်း အိစ်မစ်လန်းလေဆိပ်၌ ကုန်စည်ဖြန့်ချိရေးဌာနတွင် အောက်တိုဘာ ၂၉ ရက် အစောပိုင်းက မသင်္ကာဖွယ် အထုပ်တစ်ထုပ်ကို တွေ့ရှိရကြောင်း ဗြိတိန်အာဏာပိုင်များက အတည်ပြုပြောကြားသည်။ ပရင်တာ၌ အသုံးပြုရသော တုန်နာ(Toner) မင်ဘူးများပါဝင်သော အထုပ်အဖြစ် ပုံမှားရိုက်ကာ ဗုံးပါဝင်ဖွယ်ရှိသော အထုပ်တစ်ထုပ်ကို လန်ဒန်ရှိ လေဆိပ်တွင် အမေရိကန်ကုန်တင်လေယာဉ်တစ်စင်းပေါ်မှ သိမ်းဆည်းရမိကြောင်း၊ ယင်းအထုပ်ကို ယီမင်နိုင်ငံမှ အမေရိကန်နိုင်ငံ ချီကာဂိုမြို့သို့ ပို့ဆောင်စဉ် လန်ဒန်ရှိ ဒေသဆိုင်ရာလေဆိပ်၌ ခရီးတစ်ထောက်ရပ်နားချိန်တွင် သိမ်းဆည်းရမိကြောင်း လုံခြုံရေးအရာရှိတစ်ဦးက စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားသည်။

မသင်္ကာဖွယ်ရာအထုပ်ကို တွေ့ရှိရသည့်လေယာဉ်မှာ ယူနိုက်တက်ပါဆယ်ဆားဗစ် လေကြောင်းဌာန၏ ကုန်တင်လေယာဉ်ဖြစ်သည်။ ***အင်တာနက်။***

■ ရှေ့ဖုံးမှ

မြို့တိုင်းတွင် တွေ့လာရသည်။ အီးမေးလ်၊ ဖက်စ်တို့ဆိုလျှင်လည်း လွယ်လွယ်ကူကူ သုံးလာနိုင်သည်။ မြန်မာနိုင်ငံ၏ မည်သည့်အရပ်ဒေသဖြစ်ဖြစ် စာနှင့် ထုပ်ပိုးပစ္စည်းများကို တစ်ရက်နှင့်အရောက် ပို့ဆောင်ပေးသည့် အမြန်ချောပို့စနစ်မှာလည်း တွင်ကျယ် ခေတ်စားလာသည်ကို တွေ့ရသည်။

ယင်းသို့ ဖော်ဆောင်ပေးလိုက်နိုင်ခြင်းသည် ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလ မြန်မာ့ဆက်သွယ်ရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက အနှစ်(၃၀) နှစ်ရှည် ဆက်သွယ်ရေးစီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းက "နိုင်ငံအနှံ့ ပြည်သူတိုင်း တယ်လီဖုန်း ဆက်သွယ်နိုင်ရေးအတွက် အမျိုးသားဆက်သွယ်ရေးကွန်ရက် တစ်ပြည်လုံး ဖြန့်ကြက်နိုင်ရေး ဦးစားပေး အဆင့်မြင့် ဦးတည်ဆောင်ရွက်ရမည်" ဟူသည့် ရည်မှန်းချက်အတိုင်း တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ခဲ့ရာ ယနေ့ အောင်မြင်ဖြစ်ထွန်းမှု ရရှိနေသည်ကို ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများထဲမှ စာပို့တိုက်နှင့် ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်း၏ ဖြစ်ထွန်းမှုများကို ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်၍ လေ့လာကြည့်ရာ တွေ့ရှိရသည်များမှာ အံ့မခန်းပင်တည်း။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ စာတိုက်စခန်း ၁၁၁၄ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၃၇၉ စခန်းအထိ ရှိလာခဲ့ပြီဖြစ်သည်။ စာတိုက်စခန်းပေါင်း ၂၆၅ ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ခြင်း ပင်ဖြစ်သည်။ ထိုနည်းတူ အလားတူကာလက ကြေးနန်းရုံး ၃၁၀ သာ ရှိခဲ့ရာမှ ယခုအခါ ၅၁၅ ရုံး အထိ တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကြေးနန်းရုံး ၂၀၅ရုံး တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရှိရသည်။ ဖက်စ်အသုံးပြုမှု အနေဖြင့် ယခင်က ၁၀ ခုသာရှိခဲ့ရာ မှ လက်ရှိကာလတွင် ၅၄၄၆ ခုအထိ ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကွန်ပျူတာကြေးနန်းလုံးဝ မရှိရာမှ ယခုအခါ ကွန်ပျူတာ ကြေးနန်း အသုံးပြုနိုင်မှုမှာ ၁၄၀ အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်



ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်လာနိုင်မှု ရလဒ်အဖြစ် မွန်ပြည်နယ် ကျိုက္ခမီ မိုက္ကရိုဝေ့ဗ်နှင့် CDMA-450 စခန်းကို တွေ့ရစဉ်။

ရေး ဆောင်ရွက်ချက်များထဲတွင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုသိသာထင်ရှားစွာ တွေ့မြင်နိုင်သည်။ အော်တိုတယ်လီဖုန်း လုပ်ငန်းများနှင့် မိုဘိုင်းတယ်လီဖုန်း လုပ်ငန်းများကို တိုးချဲ့ တပ်ဆင်ပေးနိုင်ခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်၌ တယ်လီဖုန်း သိပ်သည်းဆ လူ ၁၀၀၀ လျှင် ၁ ဒသမ ၉၂ သာရှိခဲ့ရာမှ ယခု ၂၀၁၀ ခုနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၃၉ ဒသမ ၉၅ အထိ အချိုးအဆ ကြီးမားစွာ မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရသည်။

အဝေးဆက်သွယ်ရေးစနစ်၊ ပြည်ပဆက်သွယ်ရေးစနစ်၊ ပြည်တွင်းဆက်သွယ်ရေးစနစ်၊ အင်တာနက် ဆက်သွယ်ရေးစနစ်၊ ကျေးလက်ဒေသ ဆက်သွယ်ရေးစနစ်များ အတွက် ပြည်သူများသို့ တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးခဲ့ရာ ၁၉၈၈ ခုနှစ်တွင် တယ်လီဖုန်းလိုင်း အင်အား ၇၄၈၅၅ လိုင်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် တယ်လီဖုန်းလိုင်း အင်အား ၂၂၉၇၄၁၉ လိုင်းအထိ တိုးတက်ခဲ့ပြီး ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ဒေသ၏ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် များစွာ အထောက်အကူပြုလျက်ရှိသကဲ့သို့ နိုင်ငံတော် အတွက်လည်း တယ်လီဖုန်းတပ်ဆင်ခနှင့် ပြောဆိုခဝင်ငွေများ တိုးတက်ရရှိလျက်ရှိပေသည်။

ယင်းသို့ နိုင်ငံတော်၏ မြို့ပြဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တစ်ပြိုင်တည်း ကျေးလက်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက် ဆက်သွယ်ရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်ဆက်သွယ်ရေးစနစ် (PCO - Public Call Office) ဖုန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖြန့်ကြက်ဆောင်ရွက်ခဲ့သည်။

နေပြည်တော်တွင်လည်း CDMA-450 စနစ် မိုဘိုင်းဖုန်းများကို ၂၀၀၉ ခုနှစ် ဇွန်လမှစ၍ သုံးစွဲနိုင်ပြီ ဖြစ်သဖြင့် နေပြည်တော်တစ်ဝိုက် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ၂၀၁၀ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဒေသဖွံ့ဖြိုးရေး CDMA-450 (PCO) ဖုန်းများ တည်ဆောက်တပ်ဆင်ပေးခဲ့သည်။ နိုင်ငံအဝန်း ကျေးလက်ဆက်သွယ်မှုကဏ္ဍ တိုးမြှင့်ရေး PCO ဖုန်းများကို GSM နှင့် CDMA-450 မိုဘိုင်းစနစ်ဖြင့် တပ်ဆင်ပေးခဲ့သည်။

၎င်းအပြင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလျဉ်မပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် မဝေးတော့သောအနာဂတ်၌ ဖြစ်တည်လာတော့မည့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ဤသို့ လေ့လာတွေ့ရှိရသည်။

ကိုပါ ချိတ်ဆက် ပြောဆိုအသုံးပြုလာနိုင်သည်အထိ ဆက်သွယ်ရေးနည်းပညာ မြင့်မားဖွံ့ဖြိုးလာအောင် စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ဆယ်စုနှစ်နှစ်စုနီးပါးအတွင်း ဆက်သွယ်ရေးကဏ္ဍအသစ်များစွာတို့သည် ပြည်သူတို့၏ လူနေမှုဘဝကို ထူးခြားစွာ ပြောင်းလဲစေခဲ့သည်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင် သိသာထင်ရှားသော အပြောင်းအလဲအသစ်များ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့ပြီဖြစ်သည်။

ထို့ပြင် ပြည်ပဆက်သွယ်ရေး ဆက်ကြောင်းအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်၊ ဖိုင်ဘာဆက်သွယ်ရေးစနစ်၊ ရေအောက်ကေဘယ်လ်ဆက်သွယ်ရေးစနစ်၊ နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးစနစ်များဖြင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးချန်နယ်ပေါင်း ၄၀၂၅ ရှိကာ မိုက္ကရိုဆက်ကြောင်း ၃၁၆ ခု ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့သည်။

ထို့မျှမက အင်တာနက်သုံးစွဲမှု ပိုမိုမြန်ဆန်စေပြီး နယ်မြို့အများအပြားတွင်ပါ အင်တာနက် ရောက်ရှိအသုံးပြုနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော်ဆက်သွယ်ထားသည့် ကေဘယ်လ်လိုင်းများနေရာတွင် မြန်နှုန်းမြင့် Fibre - Optics (အလင်းဖန်မျှင်) လိုင်းများဖြင့် အစားထိုးသုံးစွဲခြင်းဖြင့် ယခင်ကထက် အင်တာနက်သုံးစွဲမှု ပိုမိုမြန်ဆန်လာပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ထို့အတူပင် အီလက်ထရွန်နစ်ဆက်သွယ်ရေးနည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ ရုံးလုပ်ငန်းများ စီမံခန့်ခွဲမှုပြုနိုင်ရန် e-Government စနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစနစ်သည် စာရွက်စာတမ်းများ၊ သတင်းအချက်အလက် ဖလှယ်နိုင်သည့် ရုံးတွင်းသတင်းအချက်အလက်စနစ်၊ အစီရင်ခံစာများ၊ ညွှန်ကြားချက်များကို ဌာနဆိုင်ရာများတွင် လက်ရှိကျင့်သုံးနေသော မူရင်းပုံစံမပျက်စေဘဲ အိုင်စီတီနည်းပညာအသုံးပြု၍ ဝန်ကြီးဌာနအချင်းချင်း ပိုမိုထိရောက် လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ပြီး ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်း၍ စီမံခန့်ခွဲနိုင်သော ဝန်ထမ်းအချက်အလက် မှတ်တမ်းစနစ် တစ်ခုဖြစ်သည်။

ထို့ပြင် e-Banking System, e-Passport, e-Credit, e-Library, e-Learning Centre စသည်ဖြင့် အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးနည်းပညာများ ပေါင်းစပ်အသုံးပြုလာနိုင်သဖြင့် ပြည်တွင်းသာမက အပြည်ပြည်ဆိုင်ရာနှင့်ပါ ဆက်သွယ်ဆောင်ရွက်နိုင်မှု ပိုမိုလွယ်ကူလာလျက်ရှိသည့်အပြင် ဆက်သွယ်ရေး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

ဆောင်ရွက်ဆဲလုပ်ငန်းများ	ရေတွက်ပုံ	အရေအတွက်	လိုင်းအင်အား
ဒီဂျစ်တယ်မိုက္ကရိုဝေ့ဗ်တပ်ဆင်မှု			
- တည်ဆောက်ဆဲစခန်းပေါင်း	ခု	၈၁	-
အော်တိုတယ်လီဖုန်းတပ်ဆင်ထားရှိမှု			
- တပ်ဆင်ဆဲအိတ်ချိန်း	ခု	၈၀	၃၅၉၆၆
မိုဘိုင်းတယ်လီဖုန်းစနစ်များတပ်ဆင်မှု			
- ဆောင်ရွက်ဆဲ GSM ရေဒီယိုစခန်း	ခု	၃၀	၆၁၄၀၀
CDMA-450 မိုဘိုင်းဖုန်း(ယာဉ်တင်)			
- ဆောင်ရွက်ဆဲစခန်း	ခု	၁၅၁	၂၈၁၀၀၀
CDMA-800 WLL မိုဘိုင်းဖုန်း			
- ဆောင်ရွက်ဆဲစခန်း	ခု	၄၂	၁၀၀၀၀၀

MPT Satellite Terminal စီမံကိန်းကို မြန်မာနိုင်ငံတစ်ဝန်း ဝေးလံခေါင်းပါးဒေသများ၊ ဆက်သွယ်ရေးခက်ခဲသော ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဒေသများနှင့် နယ်စပ်ဒေသများတွင် ဆက်သွယ်မှုလွယ်ကူလာစေပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ၂၀၀၄ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဤစီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်းပါးသော ဒေသအသီးသီးတို့တွင် MPT Satellite Terminal စခန်းများမှတစ်ဆင့် တယ်လီဖုန်း၊ ဖက်စ်၊ အင်တာနက် ဆက်သွယ်မှုများ လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားနယ်မြို့များတွင် ဆက်သွယ်မှုများ လွယ်ကူစေရန်အတွက် GSM မိုဘိုင်းစနစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၁၆-၇-၂၀၀၄ ရက်နေ့တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ မိုဘိုင်းဖုန်းစနစ် အမျိုးအစားသစ်များဖြင့် တစ်နိုင်ငံလုံး ဆက်သွယ် ပြောဆိုနိုင်ရုံသာမက ပြည်ပနိုင်ငံများ၊ အင်တာနက်များ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ CDMA စခန်း။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ (၇)မိုင်ရှိ GSM စခန်း အဆောက်အအုံကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့ အော်တိုအိတ်ချိန်း အဆောက်အအုံကို တွေ့ရစဉ်။

✧ စာမျက်နှာ ၆ မှ

ဆက်စပ်ပစ္စည်းများကိုလည်း ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ အခြေချ ဖွံ့ဖြိုးတိုးတက်သော အီလက်ထရွန်နစ်စက်မှုမြို့ ဖြစ်တည်ပေါ်ပေါက်လာစေရန် ရတနာပုံမြို့သစ်ကို အကောင်အထည်ဖော်၍ လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

ယနေ့ကာလ နိုင်ငံတစ်ဝန်း ပေါ်ပေါက်လာသော အင်တာနက် ကဖေးများ၊ ဖက်စ်၊ အီးမေးလ် ဝန်ဆောင်မှုလုပ်ငန်းများက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဆက်သွယ်ရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုများပင် ဖြစ်သည်။

အထက်ပါ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် များမြောင်လှစွာသော ဖွံ့ဖြိုးရေးကဏ္ဍများစွာထဲမှ တစ်ခုပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် တည်ဆောက်ရာတွင် အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားပြီး အနာဂတ် နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ရည်မျှော်၍ မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ် တစိုက်မတ်မတ်ဆက်လက် အကောင်အထည်ဖော်လျက် ရှိနေသည်။

အသစ်အသစ် ဖြစ်ထွန်းတိုးတက်မှုများဖြင့် ဖွံ့ဖြိုးဝေဆာလာသော ပြည်ထောင်စုတစ်ဝန်းလုံးသို့ ချိတ်ဆက် ကွန်ရက်ဖွဲ့ထားသော ဆက်သွယ်ရေးကဏ္ဍ၏ ထူးခြားထက်မြက်သော စွမ်းဆောင်ဖြည့်ဆည်းမှုများကို ပြည်ထောင်စုသားများ လက်တွေ့ခံစားနေရပြီဖြစ်ပေသည်။ နိုင်ငံတော်၏ အစီအမံဖြင့် ဆယ်စုနှစ် နှစ်စုမျှသောကာလအတွင်း ထိုးထွင်းဖောက်ထွက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးနည်းပညာသစ်များကို ရယူအသုံးချကာ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် တပ်ဆင်ချိတ်ဆက် ကွန်ရက်ဖြန့်ကြက်မှုဖြင့် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ လျှင်လျှင်မြန်မြန်နှင့် လွယ်လင့်တကူ ဆက်သွယ်ပေါင်းစည်းနိုင်ခြင်း၊ နိုင်ငံတကာ ဆက်သွယ်ရေးကွန်ရက်များဖြင့် ချိတ်ဆက်ဆောင်ရွက်လာနိုင်

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ

အမျိုးအစား	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
စာတိုက်စခန်း	ခု	၁၁၁၄	၁၃၇၉	၂၆၅
ကြေးနန်းရုံး	ရုံး	၃၁၀	၅၁၅	၂၀၅
ဖက်စ်စီမီလီ	ခု	၁၀	၅၄၄၆	၅၄၃၆
ကွန်ပျူတာကြေးနန်း	ခု	-	၁၄၀	၁၄၀
တယ်လီဖုန်းရုံး				
- Digital အော်တိုအိတ်ချိန်း	ရုံး	၁၂	၃၉၂	၃၈၀
- လက်လှည့်အိတ်ချိန်း	ရုံး	၂၁၁	၂၉၆	၈၅
- ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	ရုံး	-	၂၃၄	၂၃၄
တယ်လီဖုန်းလုပ်ငန်း	လိုင်း	၇၄၈၅၅	၂၂၉၇၄၁၉	၂၂၂၂၅၆၄
- ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း	လိုင်း	၁၂၀၀၀	၇၉၄၂၇၉	၇၈၂၂၇၉
- ARTS ရေဒီယိုတယ်လီဖုန်း	လုံး	-	၃၈၅၆	၃၈၅၆
- DECT ရေဒီယိုတယ်လီဖုန်း	လုံး	-	၁၉၄၉	၁၉၄၉
- CDMA(Fixed) တယ်လီဖုန်း	လုံး	-	၂၀၀၃၈	၂၀၀၃၈
မိုဘိုင်းတယ်လီဖုန်းလုပ်ငန်း	လုံး	-	၁၄၃၅၂၅၀	၁၄၃၅၂၅၀
- CDMA (Mobile)တယ်လီဖုန်း	လုံး	-	၅၈၃၇၅၀	၅၈၃၇၅၀
- CDMA-800	လုံး	-	၂၅၀၀၀၀	၂၅၀၀၀၀
- D-AMPS တယ်လီဖုန်း	လုံး	-	၃၈၄၀၀	၃၈၄၀၀
- GSM တယ်လီဖုန်း	လုံး	-	၄၈၅၁၀၀	၄၈၅၁၀၀
- WCDMA တယ်လီဖုန်း	လုံး	-	၂၈၀၀၀	၂၈၀၀၀
- Mc WLL တယ်လီဖုန်း	လုံး	-	၅၀၀၀၀	၅၀၀၀၀
တယ်လီဖုန်းသိပ်သည်းဆ	(လူ ၁၀၀၀ လျှင်)	၁. ၉၂	၃၉. ၉၅	၃၈. ၀၃
အီးမေးလ်/အင်တာနက်	ခု	-	၇၈၈၅	၇၈၈၅
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	-	၁၈၂၅	၁၈၂၅
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	ခု	-	၇၃၀၀	၇၃၀၀
အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ်	ခု	၂၆	၄၀၂၅	၃၉၉၉
အဝေးဆက်သွယ်ရေးဆက်ကြောင်းများ				
- ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	၁	၂	၁
- ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	ခု	၂၆	၈၀၄	၇၇၈
- ပြည်ပရေအောက်ကေဘယ်လ်ဆက်သွယ်ရေးချန်နယ်	ခု	-	၁၈၁၅	၁၈၁၅
- ဖိုင်ဘာကေဘယ်ဆက်ကြောင်း	မိုင်	-	၁၃၄၈	၁၃၄၈
- ကုန်းတွင်းနယ်စပ်ဖြတ်ကျော် ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း	ခု	-	၁၄၀၆	၁၄၀၆
- Digital မိုက္ကရိုဆက်ကြောင်း	စခန်း	-	၃၁၆	၃၁၆
- အင်နာလော့ဂ် မိုက္ကရိုဆက်ကြောင်း	စခန်း	၇၁	-	Digital ပြောင်း
- ကယ်ရီယာ	စခန်း	၁၂၄	-	Digital ပြောင်း

ခြင်းတို့ကြောင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍများသာမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍအသီးသီးတို့၏ တိုးတက်ဖြစ်ထွန်းမှုများကို သိသာထင်ရှားစွာ မြင်တွေ့လာရပြီဖြစ်သည်။

ခေတ်စနစ်နှင့် နည်းပညာသစ်များ ပြောင်းလဲ ဖြစ်ထွန်းလာခဲ့ခြင်းက ဆက်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းသဘာဝကို ပိုမိုသွက်လက်ထက်မြက်ကာ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် သိသာထင်ရှားစွာ မြှင့်တင်ပေးနိုင်ခဲ့သည်။ ၂၀ ရာစု နှောင်းပိုင်းကာလနှင့် ၂၁ ရာစုအကူးတွင် သတင်းဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးမှုမှာ အဟုန်ပြင်းခဲ့သည်။ ၁၉၈၈ခုနှစ် နောက်ပိုင်းမှ ပြောင်းလဲဖြစ်ပေါ်ခဲ့သော မြန်မာ့လူ့ဘောင်၏ လူနေမှုဟန် အပြောင်းအလဲတွင် တိုးတက်ဖြစ်ထွန်းလာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍ ပြောင်းလဲတိုးတက်မှုများက နိုင်ငံတော်သစ်ကို တည်ဆောက်နေခြင်းပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အော်တိုအိတ်ချိန်း အဆောက်အအုံကို တွေ့ရစဉ်။

ကျေးလက် PCO ဆက်သွယ်ရေးစခန်းများ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ကျေးလက် PCO စခန်း (GSM)	ကျေးလက် PCO စခန်း (CDMA-450)	မှတ်ချက်
၁	နေပြည်တော်	-	၆၀၃	
၂	ကချင်ပြည်နယ်	-	၁၉၄၂	
၃	ကယားပြည်နယ်	-	၁၀၅	
၄	ကရင်ပြည်နယ်	-	၁၀၅	
၅	ချင်းပြည်နယ်	-	၁၀၈	
၆	စစ်ကိုင်းတိုင်းဒေသကြီး	-	၂၅၁၁	
၇	တနင်္သာရီတိုင်းဒေသကြီး	-	၁၄၁၂	
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၅၆၅	၁၅၀	
၉	ပဲခူးတိုင်းဒေသကြီး(အနောက်)	-	၂၀၈	
၁၀	မကွေးတိုင်းဒေသကြီး	၂	၃၀၁၉	
၁၁	မန္တလေးတိုင်းဒေသကြီး	၆၃၈	၆၂၀	
၁၂	မွန်ပြည်နယ်	-	၂၇၄၄	
၁၃	ရခိုင်ပြည်နယ်	-	၁၉၂	
၁၄	ရန်ကုန်တိုင်းဒေသကြီး	-	၂၄၂	
၁၅	ရှမ်းပြည်နယ်(တောင်ပိုင်း)	၄၃၁	၅၂	
၁၆	ရှမ်းပြည်နယ်(မြောက်ပိုင်း)	-	၄၂၇	
၁၇	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	-	၁၉၂	
၁၈	ဧရာဝတီတိုင်းဒေသကြီး	၈၅၁	၃၄၀၀	
	စုစုပေါင်း	၂၄၈၇	၁၇၈၉၂	**၂၀၃၇၉**

အရွေးမတူသော်လည်း အတွေးတူညီ မဲပေးမည်

ကျော်မျိုးနောင်

ပြီးခဲ့သည့် ဇွန်လကမှ (၁၈)နှစ်ပြည့်ခဲ့သော သမီးက မည်သို့မည်ပုံ မဲပေးရမည်ကို ရှင်းပြခိုင်းသဖြင့် ကျွန်တော် ရှင်းပြခဲ့ရသည်။ ပထမဆုံးအကြိမ် မဲပေးရမည်ဖြစ်သဖြင့် ဝမ်းသာနေပြီး မဲပေးရေးအတွက် တက်ကြွနေသည်ကို တွေ့ရသဖြင့် ကျွန်တော်ပါ ဝမ်းသာနေမိသည်။ (၁၈)နှစ်ပြည့်စ လူငယ်တစ်ဦး ဤသို့ စိတ်ဝင်တစားရှိနေခြင်းကိုပင် ဝမ်းသာရခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်ဆိုတာတွေပါ ပြည့်စုံအောင် ရှင်းပြလိုက်ပါသည်။ သမီးလည်း သဘောပေါက်နားလည်သွားကာ ဂျာနယ်များတွင် ပါရှိသည့် မဲပေးပုံ၊ မဲပေးနည်းဆိုင်ရာ ဆောင်းပါးများကိုရွေး၍ ဖတ်နေသည်ကို သတိထားမိပါသည်။ ဤသည်မှာ တက္ကသိုလ်ဒုတိယနှစ်တက်နေသူ မျိုးဆက်သစ်တစ်ဦး၏ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် စိတ်ဝင်စားမှုပင်ဖြစ်သည်။

ယခုတလော ဘီဘီစီ၊ ဗွီအိုအေနှင့် အာရ်အက်ဖ်အေစသည့် အသံလွှင့်ဌာနများမှ လာမည့်ရွေးကောက်ပွဲတွင် မဲမပေးရေး ဘေးတီးလှုံ့ဆော်မှုများ ထပ်ခါထပ်ခါ ထုတ်လွှင့်နေသည်ကို သတိထားမိပါသည်။ ကြားသိရသည့်အတိုင်း ထုတ်လွှင့်ပါသည်ဆိုသည့်တိုင် ၂၀၁၀ ရွေးကောက်ပွဲပျက်ရာပျက်ကြောင်း မဲမပေးဘဲနေကြဖို့ ပိုပိုသာသာလေးတွေဖြည့်ပြောနေသည်ကိုမူ သတိထားမိပေသည်။ မည်သူတွေက မဲမပေးဖို့ လိုက်လံလှုံ့ဆော်နေသနည်း၊ မည်သည့်အတွက် ယခုကဲ့သို့ စည်းရုံးနေသနည်း စသည့်မေးခွန်းများကို ကိုယ်တိုင်မေး၍ ကိုယ်တိုင်အဖြေရှာကြည့်ပါသည်။ ဝေးဝေးသို့ မသွားရဘဲ ကြာကြာလည်း မရှာလိုက်ရပါ။ ရွေးကောက်ပွဲတွင် မဲမပေးဘဲနေဖို့ လိုက်လံလုပ်ဆောင်နေသူများမှာ ဖျက်သိမ်းခံပါတီဝင်ဟောင်းများနှင့် အစိုးရဆန့်ကျင်ရေးအုပ်စုများဖြစ်နေသည်ကို တွေ့ရပါသည်။ မည်သည့်အတွက် ယခုကဲ့သို့ မဲမပေးဘဲနေရေး လုပ်ဆောင်နေသည်ကိုမူ အထူးတလည် ဖြေရှင်းရန်မလိုပါ။ ၂၀၁၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး ပျက်ပြားသွားရေးပင်ဖြစ်သည်။ သူတို့မပါသည့်ပွဲ ပျက်စီးရေးသာ ဖြစ်သည်။

၂၀၀၈ ခုနှစ်က ဆန္ဒမဲပေးသူ ပြည်သူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ပြီးဖြစ်သည်။ ယခုရွေးကောက်ပွဲသည် မူလချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇) ရပ်ပါ ပဥ္စမအဆင့်ကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုမျှသာမက အခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း လွှတ်တော်အရပ်ရပ်အတွက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်မည့်ပွဲလည်း ဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပမည့်ရက်နှင့် အလွန်နီးကပ်လာသော ယနေ့ကာလတွင် ရွေးကောက်ပွဲဝင်ခွင့်ရသည့် ပါတီများမှ ကိုယ်စားလှယ်များ သက်ဆိုင်ရာ နယ်မြေအသီးသီးတွင် မဲဆွယ်စည်းရုံးနေကြပြီဖြစ်သည်။ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်များကလည်း မဲပေးပုံပေးနည်း စနစ်များကို သရုပ်ပြရှင်းလင်းမှုများ ပြုလုပ်နေကြသည်။ ပြည်သူများလည်း သွားရောက်လေ့လာကြည့်ရှုနေကြသည်။ ဤသည်မှာ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများအပိုင်းက လုပ်ဆောင်ရန်ရှိသည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နေသလို မဲပေးခွင့်ရှိသူများကလည်း စိတ်ဝင်တစား သွားရောက်လေ့လာနေကြခြင်းသာဖြစ်သည်။ သည်ကြားထဲမှပင် ထိုသို့ မဲမပေးရေး လှုံ့ဆော်သွေးထိုးသူများက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်နည်း ပြောဆိုနေကြသည်။

"၂၀၁၀ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတမှုရှိမှာ မဟုတ်ဘူး။ မဲပေးခွင့်ရှိတဲ့ နိုင်ငံသားတစ်ယောက်ဟာ မဲပေးခွင့်ရှိသလို မဲမပေးဘဲလည်း နေခွင့်ရှိတယ်။ မဲမပေးဘဲနေပြီး ရွေးကောက်ပွဲကို သပိတ်မှောက်ရမယ်" စသည်ဖြင့် ပြောဆို လှုံ့ဆော်နေကြခြင်းဖြစ်၏။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး၊ လျှို့ဝှက်ဆန္ဒပြုခွင့်ရှိခြင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ထားရှိခွင့်ပေးထားခြင်း၊ အများပြည်သူနှင့် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ ရှေ့မှောက်တွင် မဲရေတွက်စစ်ဆေး အတည်ပြုမည်ဖြစ်ခြင်းတို့ကြောင့် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်မည်မဟုတ် ဟူသော ထိုးနှက်ချက်များ မည်သည့်အကြောင်းကို အခြေခံ၍ပြောသည်ကို စဉ်းစား၍မရဘဲရှိသည်။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၃၇)ခု၊ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း (၃၀၅၉) ဦး ပါဝင်ရွေးချယ်ကြမည်ဖြစ်ပြီး ထိုအထဲတွင် တစ်သီးပုဂ္ဂလအဖြစ်ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသူ (၈၂)ဦးပါဝင်နေသည်ကို တွေ့ရသည်။ ဤသည်မှာ ရွေးကောက်ပွဲကြီးတွင် ပါတီများ၊ ပြည်သူများ မည်မျှအားတက်သရောရှိသည်ကို ပြဆိုနေခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံအဖြစ်သို့လျှောက်လှမ်းမည်ဆိုလျှင် ရွေးကောက်ပွဲကို မဖြစ်မနေ ဖြတ်သန်းရမည်ဖြစ်ကြောင်း၊ ယခု ကျင်းပမည့်ရွေးကောက်ပွဲသည် ဒီမိုကရေစီအပြောင်းအလဲအတွက် ဆောင်ရွက်နိုင်မည့်လမ်းစဖြစ်ကြောင်း စသည်ဖြင့် ကိုယ်စားလှယ်လောင်းများ၊ ပါတီများမှတာဝန်ရှိသူများက သုံးသပ်ပြောကြားနေသည့်ကြားမှပင် မဲမပေးဘဲနေကြရန် တိုက်တွန်းနေကြသူများကို အံ့ဩမိသည်။ ၎င်းတို့သည် မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးထိုးဖောက်မည်ဆိုသည့် ကဖျက်ယဖျက်သမားများသာ ဖြစ်သည်။

နိုင်ငံတစ်ခုသည် မှီတင်းနေထိုင်သည့် လူဦးရေ (Population)၊ ပိုင်နက်နယ်မြေ (Territory)၊ အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရ (Government)နှင့် အချုပ်အခြာအာဏာ (Sovereignty) ဟူသော အင်္ဂါလေးရပ် ပြည့်စုံရမည်ဖြစ်သည်။ ထိုအချက်များမှ အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရတစ်ရပ်အတွက် ယခုကဲ့သို့ ပြင်ဆင်နေခြင်း ဖြစ်သည်။ ကျန်ရှိသည့် အင်္ဂါ(၃)ရပ်မှာ ပြည့်စုံပြီးဖြစ်သည်။ နိုင်ငံတော်၏ အရှည်ခရီးအတွက် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ရာ ယခုရွေးကောက်ပွဲသည် အဆိုပါ အရှည်ခရီး၏ အစသာမက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစလည်း ဖြစ်နေပေသည်။

မဲပေးခွင့်ရှိသူ နိုင်ငံသားတစ်ယောက်အနေဖြင့် မဲပေးရခြင်းသည် ဂုဏ်ယူဖွယ်အလွန်ကောင်းသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။ အသက်ပြည့်ရန် တစ်ရက်လိုသူပင် မဲပေးခွင့်မရှိချေ။ အသက်ပြည့်သည်ထားဦး ရူးသွပ်နေသူ၊ စိတ်မနှံ့သူ၊ ထောင်ကျနေသူဖြစ်နေပါကလည်း မဲပေးခွင့်မရပေ။ ရွေးကောက်ပွဲနေ့တွင် ကျန်းမာရေးမကောင်း၍ မဲရုံကိုမလာနိုင်သူ၊ ဆေးရုံ တက်ရောက်ကုသခံနေရသူ၊ ယာယီတာဝန်ဖြင့် အခြားတစ်နေရာသို့ သွားရောက်ရန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက်မူ ကြိုတင်မဲပေးရန် စနစ်တကျစီစဉ်ပေးထားပြီးဖြစ်သည်။ သို့တိုင် ဆန္ဒမဲပေးလိုမှသာ ပေးရန်ဖြစ်ပြီး အဆိုပါ မကျန်းမာသူ၊ မလာရောက်နိုင်သူများကို မဖြစ်မနေ ဆန္ဒမဲပေးရန် မည်သူကမျှ ဖိအားပေးပြောကြားမည် မဟုတ်ပေ။

ဤနေရာတွင် ကြားမိသည့် ကောလာဟလ သတင်းတစ်ခုကို ထည့်သွင်းတင်ပြလိုပေသည်။ ပါတီတစ်ခုက သူ့ပါတီနိုင်ရေးအတွက် ကြိုတင်မဲများပေးခိုင်းနေသည်ဆိုသည့် သတင်းပင်ဖြစ်သည်။ ဤတွင် စဉ်းစားရန်အချက်များရှိနေသည်။ ကြိုတင်ဆန္ဒပေးသည့်ကိစ္စသည် ပါတီများက ဆောင်ရွက်ရမည့်ကိစ္စမဟုတ်ဘဲ ရွေးကောက်ပွဲကော်မရှင်များကသာ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ အဆိုပါ ကြိုတင်မဲများမှာ တိုးတိုးတိတ်တိတ်လုပ်၍ရသည့်ကိစ္စလည်း မဟုတ်ပေ။ မဲရုံပိတ်၍ မဲရေတွက်ချိန်ရောက်မှ ကြိုတင်မဲစာအိတ်များကို အများရှေ့တွင် ဖွင့်ဖောက်ရမည်ဖြစ်သည်။ ထို့အပြင် အဆိုပါ ကြိုတင်ဆန္ဒမဲလက်မှတ်သည် ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါရှိခြင်း၊ ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိခြင်း၊ တာဝန်ခံထုတ်ပေးသူ၏ လက်မှတ်မပါရှိခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားခြင်း၊ ဆန္ဒပြုမထားခြင်း၊ ဆန္ဒပြုထားခြင်းမှာ မသေချာမထင်ရှားခြင်း၊ အတုဖြစ်သည်ဟု ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ (သို့မဟုတ်) မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်ဖြစ်ခြင်းတို့တွေ့ရှိပါက ပယ်မဲဖြစ်သွားမည်သာဖြစ်၏။

မဲဆန္ဒရှင်ပြည်သူများ ဇဝေဇဝါဖြစ်သွားအောင် ထုတ်လွှင့်သည့် ကောလာဟလများဖြစ်၍ ယုတ္တိတန်၏ မတန်၏ ပြည်သူတို့ စိစစ်သုံးသပ်ကြလိမ့်မည်ကို ထည့်တွက်မထားပေ။ မဲမပေးဘဲနေရေး အဓမ္မလှုံ့ဆော်မှုများနှင့် ချိန်ကိုက်ထုတ်လွှင့်ခြင်းဖြစ်သည်။ ထို့အပြင်လည်း လက်ဆောင်များပေး၍ စည်းရုံးနေသည်ဟု ပါတီတစ်ခုကို စွပ်စွဲပြန်သည်။ ထိုလုပ်ကြံလီဆယ်ထားသော သတင်းများကိုပင် ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေစသည့် အသံလွှင့်ဌာနများက သတင်းမျှသာ မဟုတ်ဘဲ သိုင်းဝိုင်းချဲ့ကား၍ သတင်းဝေဖန်ချက်၊ သုံးသပ်ချက်များဖြင့် အားဖြည့်ထုတ်လွှင့်ကြ၏။ သို့သော် ဝေဖန်ပိုင်းခြားတတ်သော၊ အမှားအမှန် ခွဲခြားတတ်သော ပြည်သူလူထုကြီးက မယုံကြ။ နုံသူသာ ယုံမည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံအဖြစ်သို့သွားရာတွင် ခုရေတွင်းတူး ခုရေကြည်သောက်ချင်၍မရပေ။ ကလေးငယ်များပင် ပက်လက်မှမှောက်ခုံ၊ လေးဖက်တွား၊ အမှီကိုကိုင်၍ ရပ်ခြင်း၊ လမ်းစမ်းလျှောက်ခြင်း၊ လမ်းလျှောက်ခြင်း၊ ပြေးခြင်း စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲရ၏။ ထိုမျှသာမက အရာအားလုံး ဆင့်ကဲဆင့်ကဲသာ ပြောင်းရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဒီမိုကရေစီ၏ ဘိုးအေကြီးဖြစ်သူ အမေရိကန်သည်ပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အသက်ဝင်ခဲ့စဉ်က ယခု အခြေအနေ ဒီမိုကရေစီအခွင့်အရေးများ ရခဲ့ပါသလားဟု ပြန်ဆန်းစစ်ကြည့်ရန် လိုသည်။ ဒီမိုကရေစီနိုင်ငံတော်သို့သွားရန် ရွေးကောက်ပွဲကို ဖြတ်သန်းရမည်။ မဲပေးရွေးချယ်ကြရမည်။ ပေါ်ပေါက်လာသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော… အဝေးများ ကျင်းပ၊ နိုင်ငံ့အရေး ကောင်းသည်ထ… အောင် ဆွေးနွေးကြ၊ အတည်ပြုကြ စသည်ဖြင့် လုပ်… ရပါမည်။ ဤသည်ပင် လုပ်ငန်းစဉ်ဖြစ်၍ ဤသ… ကရေစီဖြစ်သည်။ ယခုချက်ချင်း ပြီးပြည့်စုံသည့် … နိုင်ငံဖြစ်ရေးဆိုသည်ကို နိုင်ငံရေးကို တကယ်နား… မပြောကြပေ။ ယနေ့ ပြောနေကြသူများကား နာ… မဟုတ်ဘဲ ကြိုးဆွဲသူတို့အလိုကျ ကပြအသုံးတော်ခံ… ဖြစ်၏။

နှမ်းတစ်စေ့နှင့် ဆီမဖြစ်ဟုဆိုသော်လည်း ဆီအမ… ရခြင်းသည် နှမ်းစေ့များစွာ စုစည်းထားခြင်းဆိုသည်… အပ်ပေ။ နိုင်ငံတော်၏ အနာဂတ်ခရီးအတွက် အ… လုပ်ဆောင်မှုတစ်ခုတွင် မိမိပါဝင်ခွင့်ရသည်၊ မိမိပါဝ… သည်ဆိုသော အချက်ကို လုပ်ယူ၍မရပေ။ မူလအခွင့်… မဲမပေးဘဲနေနိုင်သည်ဆိုသော်ငြား မဲပေးခြင်းသည် အ… ဖြစ်၍ မဲမပေးဘဲနေခြင်းသည် အဖျက်သဘောကို … ဟု စာရေးသူမြင်မိသည်။ ဒီမိုကရေစီနိုင်ငံတော် တ… ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝ… မပါဝင်ဘဲနေမည်လား မိမိဘာသာဆုံးဖြတ်ရန်သာ … သို့ရာတွင် အပြုသဘော အဖျက်သဘော ခွဲခြားမြင်… ခြင်းဖြင့်သာ ဂုဏ်ယူရမည်ဖြစ်သည်။

ယခုရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေအလိုက် ကို… နှစ်ဦးမှသည် ရှစ်ဦးအထိ ပါဝင်ကြောင်း ကြားသိရသ… မဲဆန္ဒနယ်မြေများ ကိုယ်စားလှယ်နှစ်ဦးမရှိ၍ ကျင်းပ… ကိုယ်စားလှယ်ဖြစ်မည့်သူတွေလည်း ရှိနေသည်။ … နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒများကို ဥပ… အတွင်းမှ တရားဝင်ပြောင်းလဲခွင့်ရရှိကြမည်ဖြစ်သည်… အခြေခံဥပဒေပါအချက်များမှ ပြုပြင်ရန်အချက်မျ… လွှတ်တော်တွင် တရားဝင်တင်ပြအတည်ပြုပြောင်း… ဖြစ်ပါသည်။

ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းသည် လူအမျိုးမျိုး၊ … အတွေ့အကြုံအသီးသီးဖြင့် စုဖွဲ့ထားကြသည်ဖြစ်… ကွဲပြားခြင်း (Diversity) ရှိကြမည်သာဖြစ်သည်။ … ဘုံအကျိုးကိုမူ ကြည့်ရမည်သာဖြစ်သည်။ မဖြစ်မနေ … ရမည့်အဆင့်ကို ကွေ့ရှောင်မနေဘဲ ဖြတ်သန်းသွာ… သည်။ သို့မှသာ ပန်းတိုင်သို့ရောက်မည်ဖြစ်၏။ … သည်သာ ဘုံအကျိုးကို ဖော်ဆောင်ခြင်းဖြစ်သည်။ ဘ… ဆောင်ရွက်ခြင်းသည်သာ ဒီမိုကရေစီဖြစ်သည်။ … ဒီမိုကရေစီ အဝန်းအဝိုင်းထဲက ဒီမိုကရေစီဘက်… မှန်လျှင် မဲပေးကြဖို့သာ ရှိသည်။ မဲမပေးဘဲနေဖို့ အ… နေသူများသည် ဒီမိုကရေစီ အဝန်းအဝိုင်းပြင်ပမှ အ… အဆင့်၌သာ ရှိသူများဖြစ်၏။

မတူကွဲပြားသည့် အတွေးအခေါ်များ (Divers… ကြားတွင် ဆန့်ကျင်ဘက်အမြင်များ (Contrast Pers… ရှိကြစမြဲဖြစ်သည်။ သို့ရာတွင် အဆိုပါ ဆန့်ကျင်… များကို မှန်ကန်စွာ ချဉ်းကပ်သုံးသပ်၍ ယထာဘူ… ကောက်ချက်ဆွဲကာ မှန်မှန်ကန်ကန် အသုံးချတတ်ပါ… ရှိနိုင်သည်။ ထိုဆန့်ကျင်ဘက်အမြင်သည် ဘုံ…

> **ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းသည် လူအမျိုးမျိုး၊ စိတ်အဖုံဖုံ၊ အတွေ့အကြုံအသီးသီးဖြင့် စုဖွဲ့… ကြသည်ဖြစ်ရာ မတူကွဲပြားခြင်း (Diversity) ရှိကြမည်သာဖြစ်သည်။ သို့ရာတွင် ဘုံအကျိုး… ကြည့်ရမည်သာဖြစ်သည်။ မဖြစ်မနေ ဖြတ်သန်းရမည့်အဆင့်ကို ကွေ့ရှောင်မနေဘဲ ဖြတ်သန်းသွားရန်… သည်။ သို့မှသာ ပန်းတိုင်သို့ ရောက်မည်ဖြစ်၏။ မဲပေးခြင်းသည်သာ ဘုံအကျိုးကို ဖော်ဆောင်… ဖြစ်သည်။ ဘုံအကျိုးကို ဆောင်ရွက်ခြင်းသည်သာ ဒီမိုကရေစီဖြစ်သည်။ ထို့ကြောင့် ဒီမိုက… အဝန်းအဝိုင်းထဲက ဒီမိုကရေစီဘက်တော်သားမှန်လျှင် မဲပေးကြဖို့သာရှိသည်။ မဲမပေးဘဲနေဖို့ အ… လှုံ့ဆော်နေသူများသည် ဒီမိုကရေစီ အဝန်းအဝိုင်းပြင်ပမှ အဖျက်သမားအဆင့်၌သာ ရှိသူများဖြစ်…**

လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်း းများ ကျင်းပ၊ နိုင်ငံ့အရေး ကောင်းသည်ထက်ကောင်း င် ဆွေးနွေးကြ၊ အတည်ပြုကြ စသည်ဖြင့် လုပ်ဆောင်ကြ ည်။ဤသည်ပင် လုပ်ငန်းစဉ်ဖြစ်၍ ဤသည်ပင် ဒီမို စီဖြစ်သည်။ ယခုချက်ချင်း ပြီးပြည့်စုံသည့် ဒီမိုကရေစီ ဖြစ်ရေးဆိုသည်ကို နိုင်ငံရေးကို တကယ်နားလည်သူတို့ ကြပေ။ ယနေ့ ပြောနေကြသူများကား နားမလည်၍ ာ်ဘဲ ကြိုးဆွဲသူတို့အလိုကျ ကပြအသုံးတော်ခံနေခြင်းသာ ။

နှမ်းတစ်စေ့နှင့် ဆီမဖြစ်ဟုဆိုသော်လည်း ဆီအများဖြစ်လာ သည် နှမ်းစေ့များစွာ စုစည်းထားခြင်းဆိုသည်ကိုမူ မမေ့ ပေ။ နိုင်ငံတော်၏ အနာဂတ်ခရီးအတွက် အရေးပါသော ဆောင်မှုတစ်ခုတွင် မိမိပါဝင်ခွင့်ရသည်၊ မိမိပါဝင်ဆုံးဖြတ်ခဲ့ ဆိုသော အချက်ကို လုပ်ယူ၍မရပေ။ မူလအခွင့်အရေးအရ းဘဲနေနိုင်သည်ဆိုသော်ငြား မဲပေးခြင်းသည် အပြုသဘော မဲမပေးဘဲနေခြင်းသည် အဖျက်သဘောကို ဆောင်သည် ရေးသူမြင်မိသည်။ ဒီမိုကရေစီနိုင်ငံတော် တည်ထောင် တွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်မည်လား၊ င်ဘဲနေမည်လား မိမိဘာသာဆုံးဖြတ်ရန်သာ ဖြစ်သည်။ တွင် အပြုသဘော အဖျက်သဘော ခွဲခြားမြင်ကာ မဲပေး င့်သာ ဂုဏ်ယူရမည်ဖြစ်သည်။

ယခုရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေအလိုက် ကိုယ်စားလှယ် မှုသည် ရှစ်ဦးအထိ ပါဝင်ကြောင်း ကြားသိရသည်။ အချို့ နယ်မြေများ ကိုယ်စားလှယ်နှစ်ဦးမရှိ၍ ကျင်းပရန်မလိုဘဲ စားလှယ်ဖြစ်မည့်သူတွေလည်း ရှိနေသည်။ သူတို့သည် တော် ရှေ့ဆက်သွားမည့် မူဝါဒများကို ဥပဒေဘောင် င်းမှ တရားဝင်ပြောင်းလဲခွင့်ရရှိကြမည်ဖြစ်သည်။ ဖွဲ့စည်းပုံ ခံဥပဒေပါအချက်များမှ ပြုပြင်ရန်အချက်များကိုလည်း တော်တွင် တရားဝင်တင်ပြအတည်ပြုပြောင်းလဲကြမည် သည်။

ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းသည် လူအမျိုးမျိုး၊ စိတ်အဖုံဖုံ၊ ွဲ့အကြံအသီးသီးဖြင့် စုဖွဲ့ထားကြသည်ဖြစ်ရာ မတူ းခြင်း (Diversity) ရှိကြမည်သာဖြစ်သည်။ သို့ရာတွင် ကျိုးကိုမူ ကြည့်ရမည်သာဖြစ်သည်။ မဖြစ်မနေ ဖြတ်သန်း အဆင့်ကို ကွေ့ရှောင်မနေဘဲ ဖြတ်သန်းသွားရန်သာရှိ ၊ သို့မှသာ ပန်းတိုင်သို့ရောက်မည်ဖြစ်၏။ မဲပေးခြင်း သာ ဘုံအကျိုးကို ဖော်ဆောင်ခြင်းဖြစ်သည်။ ဘုံအကျိုးကို င်ရွက်ခြင်းသည်သာ ဒီမိုကရေစီဖြစ်သည်။ ထို့ကြောင့် ရေစီ အဝန်းအဝိုင်းထဲက ဒီမိုကရေစီဘက်တော်သား င် မဲပေးကြဖို့သာ ရှိသည်။ မဲမပေးဘဲနေဖို့ အဓမ္မလှုံ့ဆော် များသည် ဒီမိုကရေစီ အဝန်းအဝိုင်းပြင်ပမှ အဖျက်သမား င့်၌သာ ရှိသူများဖြစ်၏။

မတူကွဲပြားသည့် အတွေးအခေါ်များ (Diverse Ideas) တွင် ဆန့်ကျင်ဘက်အမြင်များ (Contrast Perspective) မြဲဖြစ်သည်။ သို့ရာတွင် အဆိုပါ ဆန့်ကျင်ဘက်အမြင် ို မှန်ကန်စွာ ချဉ်းကပ်သုံးသပ်၍ ယထာဘူတကျသည့် က်ချက်ဆွဲကာ မှန်မှန်ကန်ကန် အသုံးချတတ်ပါက အကျိုး သည်။ ထိုဆန့်ကျင်ဘက်အမြင်သည် ဘုံအကျိုးကို

အကြံအသီးသီးဖြင့် စုဖွဲ့ထား ည်။ သို့ရာတွင် ဘုံအကျိုးကိုမူ နေဘဲ ဖြတ်သန်းသွားရန်သာရှိ ဘုံအကျိုးကို ဖော်ဆောင်ခြင်း ည်။ ထို့ကြောင့် ဒီမိုကရေစီ သည်။ မဲမပေးဘဲနေဖို့ အဓမ္မ အဆင့်၌သာ ရှိသူများဖြစ်။

နှမ်းတစ်စေ့နှင့် ဆီမဖြစ်ဟုဆိုသော်လည်း ဆီအများဖြစ်လာရခြင်းသည် နှမ်းစေ့များစွာ စုစည်းထားခြင်း ဆိုသည်ကိုမူ မမေ့အပ်ပေ။ နိုင်ငံတော်၏ အနာဂတ်ခရီးအတွက် အရေးပါသော လုပ်ဆောင်မှုတစ်ခုတွင် မိမိပါဝင်ခွင့်ရသည်၊ မိမိပါဝင်ဆုံးဖြတ်ခဲ့သည်ဆိုသောအချက်ကို လုပ်ယူ၍မရပေ။ မူလအခွင့်အရေးအရ မဲမပေးဘဲနေနိုင်သည်ဆိုသော်ငြား မဲပေးခြင်းသည် အပြုသဘောဖြစ်၍ မဲမပေးဘဲနေခြင်းသည် အဖျက်သဘောကို ဆောင်သည်ဟု စာရေးသူ မြင်မိသည်။ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်မည်လား၊ မပါဝင်ဘဲနေမည်လား မိမိဘာသာဆုံးဖြတ်ရန်သာဖြစ်သည်။ သို့ရာတွင် အပြုသဘော အဖျက်သဘော ခွဲခြားမြင်ကာ မဲပေးခြင်းဖြင့်သာ ဂုဏ်ယူရမည်ဖြစ်။

သွေဖည်၍မရပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းသည် ထိုနိုင်ငံမှ နိုင်ငံသားအားလုံး၏ စိတ်တိုင်းကျမဖြစ်နိုင်ပေ။ အများစု၏ ထောက်ခံရွေးချယ်မှုသာဖြစ်သည်။ ဒီမိုကရေစီဟူသည် အများစု၏ သဘောဆန္ဒကို လေးစားရမည်သာဖြစ်၏။ တစ်ဦးတစ်ယောက် (သို့မဟုတ်) ပါတီတစ်ခုက သဘောမကျရုံ၊ ၎င်းတို့ စံထားသည့်အချက်များနှင့် မကိုက်ရုံဖြင့် ဘုံအကျိုးကို ထိပါး၍ မရပါ။ ဘုံအကျိုးနှင့် သွေဖည်၍မရပါ။

ယခုမူ အဆိုပါ ပါတီဟောင်းမှ ပါတီဝင်ဟောင်းများသည် ရွေးကောက်ပွဲလည်းမဝင်။ ရွေးကောက်ပွဲဝင်သည့် ပါတီများကိုလည်း ဖောက်ပြန်သူများဟု ပြောဆိုနေသံများ နားမဆံ့အောင် ကြားနေရသည်။ ထိုမျှမက နိုင်ငံသားတိုင်း၏ မူလအခွင့်အရေးကိုပါ ထိပါးကာ မဲမပေးကြဖို့ မတရားလှုံ့ဆော်နေကြပြန်သည်။ မူလအစကတည်းကပင် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံကာ မိမိတို့သဘောမကျသည့်အချက်များကို လွှတ်တော်တွင် တင်ပြ၊ အများက ထောက်ခံလျှင် ပြင်ဆင်စသည်ဖြင့် ဒီမိုကရေစီနည်းလမ်းကျစွာ အဆင့်ဆင့်ဆောင်ရွက်ရမည် ဖြစ်သည်။ လုံးဝသွေဖည်ပြီးကာမှ မစားရသည့်အမဲ သဲနှင့်ပက်ရန် ကြံစည်ခြင်းမှာ ဆိုခဲ့သည့် ဘုံအကျိုးကို ထိပါးခြင်းသာဖြစ်သည်။

တကယ်တမ်းတွင် မဲဆန္ဒရှင်တစ်ဦးသည် မဲပေးလိုသည့် ဆန္ဒမရှိက မဲမပေးဘဲနေနိုင်သော်လည်း ရွေးကောက်ပွဲတွင် မဲမပေးဘဲ သပိတ်မှောက်ကြရန် စည်းရုံးလှုံ့ဆော်ဆောင်ရွက်လျှင်မူ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၇ နှင့် ငြိစွန်းသဖြင့် တစ်နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ကျခံရနိုင်သည်။ ထို့အပြင် ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲ ပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောလှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြိုးပမ်းအားထုတ်ခြင်းတို့ ပြုလုပ်ပါက ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၈(ဃ) ဖြင့် အရေးယူနိုင်ကြောင်း သိရသည်။

နိုင်ငံတိုင်းတွင် အချိန်အခါအလျောက် ရွေးကောက်ပွဲများ ရှိကြသည်။ ရွေးကောက်ပွဲဝင်ခွင့်ရှိသူများက ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြသကဲ့သို့ မဲပေးခွင့်ရှိသူတို့ကလည်း မဲပေးကြသည်။ ထိုသို့ ဝင်ရောက်အရွေးခံခွင့်ရှိခြင်း၊ မဲပေးခွင့်ရှိခြင်းကို ဂုဏ်ယူကြသည်။ နိုင်ငံသားမဖြစ်သေးသူများကလည်း မဲပေးခွင့်ရရှိရေး၊ နိုင်ငံသားအဖြစ် အချိန်မီဖြစ်ရေးတို့ကို စိတ်ဝင်တစား လုပ်လေ့ရှိကြသည်။ ဤသို့ ဆောင်ရွက်နေကြရခြင်းများကိုပင် ဂုဏ်ယူနေကြသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့သည်လည်း မဲပေးခွင့်ရရှိခြင်းကို ဂုဏ်ယူကြရပါမည်။ နိုင်ငံတော်ကြီး ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ရာ အဦးအစခြေလှမ်းတွင် ပါဝင်ခွင့်ရခြင်းသည် အထူး ဂုဏ်ယူဖွယ်ဖြစ်သည်။

ရွေးကောက်ပွဲအကြိုကာလဖြစ်သော ယခုအချိန်တွင် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ မိမိတို့ လွှတ်တော်နယ်မြေအလိုက် စည်းရုံးရေးဆင်းနေကြသည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှလည်း ဟောပြောနေကြသည်။ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဂျာနယ်များမှ ရေးသားဖော်ပြခြင်း စသည်ဖြင့် ဆောင်ရွက်နေကြပြီဖြစ်သည်။ ကျွန်ုပ်တို့ မဲဆန္ဒရှင်များအနေဖြင့်ကား နိုင်ငံသားတစ်ယောက်၏ မူလအခွင့်အရေးကို အပြည့်အဝအသုံးချလျက် မိမိနှစ်သက်လက်ခံသည့် ပါတီမှ ကိုယ်စားလှယ်ကို မိမိ၏ သဘောဆန္ဒအတိုင်း ရွေးချယ်ခွင့်ရှိသည်။ မိမိတို့ဆန္ဒနှင့်ကိုက်ညီသူ၊ မိမိတို့နှစ်သက်လက်ခံသည့် ပါတီမှ ကိုယ်စားလှယ်ကို ရွေးချယ်ကြမည်ဖြစ်သဖြင့် အရွေးမတူနိုင်ပါ။ သို့သော်လည်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်ရေးတွင် အုတ်တစ်ချပ်အဖြစ်သော် လည်းကောင်း၊ သဲတစ်ပွင့်အဖြစ်သော် လည်းကောင်း၊ နှမ်းတစ်စေ့အဖြစ်သော် လည်းကောင်း ဘုံအကျိုးအတွက် တူညီသောအတွေးဖြင့် မဲပေးကြရပါမည်။ မဲပေးရမည့်အရေး မေးမြန်းစူးစမ်းသည့် သမီးကဲ့သို့သော လူငယ်များစွာရှိနေရန် လိုအပ်သည်။ အရွေးမတူသော်လည်း အတွေးတူညီစွာဖြင့် မဲပေးခွင့်ရှိသူတိုင်း တက်ကြွပျော်ရွှင်စွာ မဲပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသတည်း။ ။

မဲရုံဆီသို့ သွားကြစို့

- စည်းလုံးချစ်ကြည် အင်အားညီ
  မြန်မာ့ဂုဏ်ရည် ထင်ရှားသည်၊
  သမိုင်းအလီလီ ပြောင်းသော်လဲ(လည်း)
  ဒို့အင်ဒို့အား ခိုင်မာမြဲ။
- နွားကွဲ ကျားဆွဲ စကားပုံ
  နလုံးသားထဲ စွဲတည်ယုံ၊
  ဦးလည်မသုန် ခံယူထား
  အရေးသုံးပါး တာဝန်များ။
- အလေးထားလို့ ဖော်ဆောင်သည်
  နိုင်ငံခေတ်မီ ဖွံ့ဖြိုးစည်၊
  ဒီမိုကရေစီ အခွင့်အရေး
  လမ်းဖွင့်ဆောင်ရွက်ပေး။
- ရေရှည်တွေးလို့ ကောင်းကျိုးမျှော်
  ဖွဲ့စည်းပုံသစ် အကောင်အထည်ဖော်၊
  လူကောင်းလူတော် ရွေးချယ်ဖို့
  အမျိုးသားရေး တာဝန်မို့။
- ကိုယ်စားလှယ်ကောင်း ရွေးချယ်ဖို့
  နိုင်ငံသားတိုင်း ပါဝင်လို့။
- စိတ်ကြိုက်ရွေးလို့ မဲပေးဖို့
  မဲရုံဆီသို့ သွားကြစို့။ ။

ရေနံ့သာမောင်ကျော်ညွန့်

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၃၀

ဆိုင်ကလုန်းမုန်တိုင်းဂီရီ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ကိုယ်စား ဒုတိယဝန်ကြီး ဦးကျော်မြင့် တက်ရောက်လက်ခံသည်။

အခမ်းအနားတွင် ရန်ကုန်မြို့နေ မိခင်ကြီး ဒေါ်လှငွေ(ပုသိမ်)နှင့် သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၁၀ သိန်း၊ Soil Energency Co., Ltd. ဦးစည်သူထင်ကျော်နှင့် ဇနီး ဒေါ်အိသက်သက်ဆွေမိသားစုက ငွေကျပ် ငါးသိန်း၊ အဂ္ဂမဟာသီရိသုမေ့သီဂီ ဒေါ်ခင်နွဲ့ရီ သား ဒေါက်တာတင့်စိုးလင်းနှင့် ညီအစ်ကိုမောင်နှမများ (ရွှေပုစွန်)မိသားစုက ငွေကျပ်သိန်း ၂၀ နှင့် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဗီလာနေ ဗိုလ်ချုပ်တင်ထွန်းနှင့် ဇနီး ဒေါ်ခင်မြင့်ဝေမိသားစုက ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်ထံ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ကုန်မြို့နေ မိခင်ကြီး ဒေါ်လှငွေ(ပုသိမ်)နှင့် သား၊ သမီး၊ မြေးတစ်စုက လှူဒါန်းငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို အောက်တိုဘာ ၁၇ ရက်က ရွှေခယ်သီရိ အားကစားခန်းမ၌ ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၈၂)

ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်း လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀

ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် မြေပုံမြို့၌ နယ်မြေခံတပ်ရင်းမှ စစ်သည်များသည် မြို့တွင်းလမ်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးကြသည်။

ထို့အပြင် မြို့နယ် လျှပ်စစ်ဝန်ထမ်းများကလည်း လျှပ်စစ်မီးများ ပုံမှန်ဖြန့်ဖြူးနိုင်ရေးအတွက် မီးတိုင်များ ပြုပြင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ အလှူရှင်များနှင့် ဌာနအသီးသီးက ပေးပို့လျက်ရှိသော ထောက်ပံ့ရေးပစ္စည်းများနှင့် ယာယီမိုးကာတဲများကိုလည်း မြေပုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ရေယာဉ်များသည်လည်း ပုံမှန်ပြေးဆွဲလျက်ရှိပြီး မြေပုံမြို့ဆိပ်ကမ်း၌ ခရီးသွားပြည်သူများ၊ ကုန်ပစ္စည်းရောင်းဝယ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် မြို့နယ်အချို့မှ လေဘေးသင့်ပြည်သူများ နောက်ဆက်တွဲ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကျေးရွာအနှံ့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် မြို့နယ်အချို့မှ လေဘေးသင့်ပြည်သူများ နောက်ဆက်တွဲကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းဦးဆောင်၍ ပြည်နယ်ကူးစက်ရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများသည် မြေပုံမြို့နယ်အတွင်းရှိ သဝန်ဆိပ်ကျေးရွာ၊ ကရင်ကြီးမော်ကျေးရွာ၊ လောင်းဒရဲကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ ကုန်းဘောင်ရွာ၊ ကြီးခေါင်းတောင်ကျေးရွာနှင့် ဒိုက်ပုံကျေးရွာတို့သို့ သွားရောက်ကြပြီး လေဘေးသင့် ဒေသခံပြည်သူများ နောက်ဆက်တွဲ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် လေဘေးသင့်ဒေသများအတွင်း နောက်ဆက်တွဲ ကူးစက်ရောဂါများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ လေဘေးသင့်ကျေးရွာများ၌ ယနေ့အထိ ကူးစက်ဝမ်းရောဂါဖြစ်ပွားသူ တစ်ဦးတစ်ယောက်မျှမရှိသေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၃၀

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၁၃)ကို နိုဝင်ဘာ ၁ ရက် (တနင်္လာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ ပြသမည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအတွက် Cartoon Network ရုပ်သံလိုင်းမှ ကာတွန်းဇာတ်လမ်းကောင်းများ၊ Star World ရုပ်သံလိုင်းတွင် ကြည့်ရမည့် အမေရိကန်နိုင်ငံ၏ အကောင်းဆုံး အိမ်တွင်းချက်ပြုတ်မှုပြိုင်ပွဲ Mastcrchef အကြောင်း၊ Channel V ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် David Archuleta ၏ အယ်လ်ဘမ်အသစ်နှင့် ဗြိတိန်အဆိုတော်မလေး Eliza ၏ အယ်လ်ဘမ်အသစ်ကြောင်း၊ TLC ရုပ်သံလိုင်းတွင် အနုပညာမြောက်သည့် ဆေးမင်ကြောင်ထိုးမှုများအား ကြည့်ရမည့်Miami Ink Best Tatts၊ ထိပ်တန်းအသားညှပ်ပေါင်မုန့် ၁၀ မျိုးအား နံပါတ်စဉ်အတိုင်း ပြသမည့် Best Food Ever၊ Animal Planet ရုပ်သံလိုင်းတွင် ရေအောက်ကမ္ဘာမှ မိကျောင်းသိုက်အား သွားရောက်လေ့လာသည့်အကြောင်း ပြသမည့် Into The Dragon's Lair၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့်NGC ရုပ်သံလိုင်းတွင် တစ်နှစ်တာ၏ အကောင်းဆုံး ထိပ်တန်းဓာတ်ပုံ ၁၀ ပုံအကြောင်း ပြသမည့် Nat Geo Top 10 Photos အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် သစ်ကျုတ် မိခင်နှစ်ကောင်အကြောင်း ရိုက်ကူးတင်ဆက်ထားသည့် Cheetah-Againstall Odds အစီအစဉ်နှင့် လူသားနှင့် တိရစ္ဆာန်ကြားမှ မေတ္တာတရားအား မြင်တွေ့ရမည့်Living With Big Cats အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် လူသားတစ်ပိုင်း သစ်ပင်တစ်ပိုင်းလူသားအကြောင်း ကြည့်ရမည့် Half Man Half Tree အစီအစဉ်အကြောင်း၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ထုတ်လွှင့်ပေးမည့် ဘောလုံးပွဲစဉ်များ၏ပွဲကြိုသုံးသပ်ချက်များ၊Multi Max ၊5 Movies၊ 5 Series၊ 5 Series II၊ 5 Cartoon ရုပ်သံလိုင်းများတွင်ပြသမည့် အစီအစဉ်များအကြောင်း၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် ဝါကျွတ်ကာလတွင် မင်္ဂလာဆောင်ကြမည့် မင်္ဂလာမောင်နှံများအတွက် Weeding Season အစီအစဉ်၊ MRTV ရုပ်သံလိုင်းတွင် ပြသမည့် စိတ်ကူးနဲ့ကြမ္မာ၊ စမ်းရေပမာ၊ နှင်းပွင့်သစ္စာ စသည့် ဇာတ်လမ်းတွဲသစ်များအကြောင်း၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏Grid များနှင့် ပြသနေသည့် အစီအစဉ်များအကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များ ပါဝင်သည်။

၁၅ ရက်စာအစီအစဉ်များ ပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Dorr မှာယူလိုသူများသည် Novel Light Express ဖုန်း ၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်ဟု သိရသည်။

(သတင်းစဉ်)

မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဒေဝလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကွင်းဆင်းစစ်ဆေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် - အမြွှာစုံထောက် (အပိုင်း-၅၂)**
၁၂း၀၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်ထဲကကိုယ့်လိပ်ပြာ**
၁း၃၀	၆။	ကျန်းမာသုတ
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၁၁)**
၂း၅၀	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၅	၄။	မြတ်နိုးကြစေအမျိုးသားအမွေ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၄း၄၅	၇။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း -စုံတွဲဖက်ရှင်
၄း၅၅	၈။	ဘယ်လိုမဲပေးကြမှာလဲ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၁။	ဘဝကြေးမုံ -မဖြစ်နိုင်ဘူးလို့မပြောပါနဲ့ (ဇေယျ၊ ခင်မျိုးအေးဗို၊ ချစ်စု၊ ဦးစိုင်းအောင်တင့်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၂။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၆၄)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	နိုင်ငံရေးပါတီများဟောပြောချက်
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၃၁)(ဇာတ်သိမ်း)**
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၈)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ Epsons Brand ထုတ်ကုန်ပစ္စည်းများ ပြသ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ပြသလျက်ရှိရာ Epsons Brand ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။ **(ယာပုံ)**

Client Focus Technology Group Co.,Ltd. က ဖြန့်ဖြူး၍ မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းလာသော Epsons Brand Inkjet Color Printers, 3 in 1 Color Printer, Color Scanner, Multimedia Projector,A3 size Printer များကို (Myanmar ICT Exhibition 2010) ပြပွဲတွင် အထူးလျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် RICOH Brand အသစ်များဖြစ်သော Color Laser Multifunctional Printer များ၊ All-in One (Scan-Printer Copy Yax) အသုံးပြုနိုင်သော ရုံးသုံး Black & White Digital Copier များကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ပြပွဲအပြီး ဝယ်ယူလိုသူများသည် အမှတ်(25/26)ဘုရင့်နောင်လမ်းမကြီး လှိုင်မြို့နယ် ဖုန်း -၅၂၃၅၃၂၊ ၅၃၁၀၄၃၊ ၅၃၁၀၄၄ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော သိန်းနီမြို့ ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် အောက်တိုဘာ ၂၂ ရက်တွင် သိန်းနီမြို့၌ကျင်းပသော ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ဓာတ်အားခွဲရုံ မိန်းခလုတ်ကို စတင်ဖွင့်လှစ်ပေးကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

FIFA Grassroots Coaching Course 2010 သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

FIFA Grassroots Coaching Course 2010 သင်တန်းဖွင့်ပွဲ ကျင်းပ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၃၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) က ကြီးမှူးဖွင့်လှစ်သည့် FIFA Grassroots Coaching Course 2010 သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းဆရာများ ဖြစ်ကြသည့် FIFA Instructor Mr.Ono (Japan)နှင့် Mr. SAM (Switzerland) နှင့် သင်တန်းသားများ၊ သတင်းနှင့် မီဒီယာများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသည် မြန်မာ့ဘောလုံးလောကအတွက် အခြေခံလိုအပ်ချက် ဖြစ်သည့် မျိုးဆက်သစ် ကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးနှင့် ကျောင်းသားလူငယ်များအကြား ဘောလုံးအားကစားကို ပိုမိုစိတ်ဝင်စားလိုက်စားလာစေရေးတို့အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က FIFA ၏ အကူအညီဖြင့် ဖွင့်လှစ်သော သင်တန်းဖြစ်သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ကျင်းပနေသော Grassroots Football Festival-2010 ဘောလုံးပွဲတော်၌ ကျောင်းသား ကလေးငယ်များအား အဓိကတာဝန်ယူ သင်ကြားလေ့ကျင့်ပေးနေသည့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကာယဆရာများ၊ ဘောလုံးနည်းပြဆရာများအား Grassroots Football Coaching နှင့် စပ်လျဉ်း၍ ပိုမိုသိရှိနားလည်စေရန် ဖွင့်လှစ်ပေးသည့် နည်းပြသင်တန်းဖြစ်သည်။

သင်တန်းကာလမှာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက် အထိဖြစ်ပြီး သင်တန်းသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ သင်တန်းသား ၄၀ တက်ရောက်ကြ၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အလားတူ သင်တန်းများကို လာမည့်နှစ်များတွင်လည်း တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်း မရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေသော အနောက်တိုင်းဆေးဝါးရောနှောထားသည့် တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်၍ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁။	ရေခဲတောင်မီးယပ်သွေးသန့် အလှတိုးဆေး	အမှတ်(၁၀)၊ သီတာရပ်၊ မြစ်ကြီးနားမြို့။	မှတ်ပုံတင်မရှိ
၂။	ရေခဲတောင် အစာအိမ်ဆေး	။	မှတ်ပုံတင်မရှိ
၃။	ရေခဲတောင်သွေးတိုးရောဂါ ပျောက်ဆေး	။	မှတ်ပုံတင်မရှိ
၄။	ရေခဲတောင် လေနိုင်ဆေး	။	မှတ်ပုံတင်မရှိ
၅။	ရေခဲတောင်ကင်ဆာအမြစ်ဖြတ်ဆေး	။	မှတ်ပုံတင်မရှိ
၆။	ဒူဝါညီနောင် ဘေလုံးရောဂါကုဆေးမှုန့်	ဦးခေါယိန်းဒူဝါညီနောင် ဆေးတိုက် ၄၅၁၊ ကျွန်းပင်သာရပ်၊ မြစ်ကြီးနားမြို့။	မှတ်ပုံတင်မရှိ
၇။	မရှော့ပင်အဆိပ်ဖြေဆေးကြီး	ဦးမရွတ်မုန်တွယ်၊ သီတာ(၁၀)၊ မြစ်ကြီးနားမြို့။	မှတ်ပုံတင်မရှိ
၈။	ပိစပ်(ခေါ်) ဂျာမနီပင်	ကမ္ဘာကျော်ဆေးတိုက်၊ လက်ပန်လှ။	မှတ်ပုံတင်မရှိ
၉။	ဝဏ္ဏသိဒ္ဓိဝဲနှင်းခူလိမ်းဆေး	လိပ်စာမပါ။	မှတ်ပုံတင်မရှိ
၁၀။	သုခဒဏ်ကြေအကြောဖြေလိမ်းဆေး	လိပ်စာမပါ။	မှတ်ပုံတင်မရှိ
၁၁။	ပိစပ်ဂျာမဏီဆေးလုံး	အမှတ်(၅၃)၊ ရန်ကျော်(၁၀)လမ်း၊ မကွေးမြို့။	မှတ်ပုံတင်မရှိ
၁၂။	လေးဖက်နာ ဘက်စုံပျောက်ဆေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၃။	ပန်းနာမုချပျောက်ဆေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၄။	ခြသေ့်ကမ္ဘာဝမ်းရောဂါပျောက်ဆေး	ဆရာဦးယော်ဘောမ်ဘွမ်ဘရိုင်းဆေးတိုက် ၇၈၊ ယုဇနရပ်၊ မြစ်ကြီးနားမြို့။	၂၀၀၁ခုနှစ်၊ ဇွန်လ မှတ်ပုံတင်သက်တမ်းလွန်

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိသောဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကို စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မောင်တောမြို့နယ်တွင် ရွေးကောက်ပွဲလုပ်ငန်းရှင်းလင်း

မောင်တော အောက်တိုဘာ ၃၀

မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် မောင်တောခရိုင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမောင်သာလှက အဖွင့်အမှာစကားပြောကြားပြီး မောင်တောမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစည်သူအောင်တို့က ရှင်းလင်းတင်ပြရာ ရခိုင်ပြည်နယ်ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်မြင့်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

စာရေးသူ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ နယသာဂရ ပဋ္ဌာန်းတရားတော်စာအုပ် ထွက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀



စာရေးသူ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ နယသာဂရ ပဋ္ဌာန်းတရားတော်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** စာရေးသူသည် ယခင်ကလည်း ပဋ္ဌာန်းတရားတော်နှင့် ပတ်သက်၍ စာအုပ်များ၊ အခန်းဆက်ဆောင်းပါးများကို ရေးသားထားခဲ့သူဖြစ်သည်။

အဆိုပါစာအုပ်၏နိဒါန်းတွင် စာရေးသူက မြတ်ပဋ္ဌာန်း ဒေသနာတော်ကို လူအများသဘောပေါက်နားလည်ပြီး လောကီ လောကုတ္တရာ အကျိုးရှိရှိ အသုံးချနိုင်စေရန် ‘နယသာဂရ’ ပဋ္ဌာန်းတရားတော်အမည်ဖြင့် ရှင်းလင်းလွယ်ကူစွာ ရေးသားပြုစုထားကြောင်း။

‘သာဂရ’ဆိုသည်မှာ မဟာသမုဒ္ဒရာ သဖွယ် ကြီးကျယ်နက်နဲလှသောဟု အဓိပ္ပာယ်ရကြောင်း၊ လောကတွင် သာဂရ လေးပါးရှိပြီး ကမ္ဘာလောကကို ဝိုင်းရံနေသည့် မဟာသမုဒ္ဒရာရေပြင်ကျယ်ကြီးကို ဇလသာဂရဟု ခေါ်ကြောင်း၊ သတ္တဝါတွေ မနေမနားကျင်လည်ကျက်စားရာ အဆုံးမထင် ရှည်လျားလှသည့် သံသရာကြီးကို သံသရာသာဂရဟု ခေါ်ကြောင်း၊ အနှိုင်းမဲ့ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးကို ဉာဏသာဂရဟု ခေါ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်များအားလုံး လေးလေးစားစား ရွတ်ဖတ်ပူဇော် နေသည့် ပဋ္ဌာန်းတရားတော်ကြီးကိုမူ နည်းပေါင်းများစွာတို့ဖြင့် နက်နဲကျယ်ဝန်းလှသည့်အတွက် နယသာဂရဟု ခေါ်တွင်ခြင်း ဖြစ်ကြောင်း။

အနောက်တိုင်း ပညာရှင်များက အဘိဓမ္မာဒေသနာတော်ကို အတ္ထုပ္ပတ္တိထူး (Special Biography)ဟု ခေါ်ဆိုကြောင်း၊ သုတ္တန်ဒေသနာများ၊ ဝိနည်းဒေသနာများမှာ ဆိုင်ရာဆိုင်ရာ သရုပ်ဆောင် ဇာတ်ကောင်များ ပါသော်လည်း အဘိဓမ္မာဒေသနာတော်တွင် ပုဂ္ဂိုလ် သတ္တဝါဇာတ်ကောင်မပါ၊ အဘိဓမ္မာတရား၏ ဇာတ်လိုက်သရုပ်ဆောင်မှာ အဘိဓမ္မာကို လေ့လာသူ၊ သင်ယူသူကိုယ်တိုင်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အဘိဓမ္မာသည် သတ္တဝါအားလုံးနှင့် ဆိုင်သည့် အကြောင်းတရားကြီး ဖြစ်သဖြင့် အတ္ထုပ္ပတ္တိကြီးဟု ဆိုရခြင်းဖြစ်ကြောင်း၊ သတ္တဝါတိုင်း၏ သတ္တလောကဝန်းကျင်ဆိုင်ရာ အကြောင်းအရာထူးကြီးဟုလည်း ဆိုနိုင်လိမ့်မည်ဖြစ်ကြောင်း။

စာရေးသူအနေဖြင့် ယခင်ထုတ်ဝေခဲ့သည့် ‘အနန္တနယ သမန္တ ပဋ္ဌာန်းတရားတော်’စာအုပ်တွင် (၂၄)ပစ္စည်း၏ အကြောင်း အကျိုးဆက်သွယ်နေသည့် အဘိဓမ္မာသဘောကိုသာ အခြေခံပြီး ရှင်းခဲ့ကြောင်း၊ ယခု နယသာဂရပဋ္ဌာန်းတွင်မူ လူအများစု ပိုမိုနားလည်လွယ်စေရန် ဘဝဇာတ်ကြောင်းလေးများ၊ ဖြစ်ရပ်မှန်ဝတ္ထုလေးများနှင့် ရှင်းပြထားသည့်အတွက် ဖတ်ရသည်မှာ ပိုပြီး စိုစိုပြည်ပြည်ရှိမည်ဟု ယူဆမိကြောင်း။

နယသာဂရပဋ္ဌာန်းစာအုပ်တွင် (၂၄) ပစ္စည်း၏ သဘောသဘာဝနှင့် အယူအဆကို လေ့လာလိုသူများ၊ ပဋ္ဌာန်းကို အနက်အဓိပ္ပာယ်နှင့် ရွတ်ဖတ်ပူဇော်လိုသူများနှင့် ပြည်တွင်း ပြည်ပ၌ ပဋ္ဌာန်းဒေသနာတော် အစဉ်ထွန်းလင်းပြန့်ပွားစေရေးအတွက် စာဖတ်သူများအားလုံးအတွက် ရှင်းလင်းလွယ်ကူစွာ နားလည်နိုင်စေရန် ကြိုးစားပြီး တင်ပြထားကြောင်း စာရေးသူက ဆိုထားသည်။

စာရေးသူ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ နယသာဂရပဋ္ဌာန်းတရားတော်စာအုပ်ကို စိတ်ကူးချိုချို စာပေက တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ မိုးဆက်လက်လျော့နည်းနေ

နေပြည်တော် အောက်တိုဘာ ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော် (ရေဆင်း)တွင် ၁ ဒသမ ၁၈ လက်မ၊ ရမည်းသင်းမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ တောင်တွင်းကြီးမြို့တို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ သာယာဝတီမြို့တွင် ၂ ဒသမ ၁၂ လက်မ၊ သာစည်မြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မလှိုင်မြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် ပျော်ဘွယ်မြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၃၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ယနေ့ ဆောင်းပါး၊ ကာတွန်း၊ ကဗျာအညွှန်း

နိုင်ငံတိုင်းတွင် အချိန်အခါအလျောက် ရွေးကောက်ပွဲများ ရှိကြသည်။ ရွေးကောက်ပွဲဝင်ခွင့်ရှိသူများက ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြသကဲ့သို့ မဲပေးခွင့်ရှိသူတို့ကလည်း မဲပေးကြသည်။ ထိုသို့ ဝင်ရောက်အရွေးခံခွင့်ရှိခြင်း၊ မဲပေးခွင့်ရှိခြင်းကို ဂုဏ်ယူကြသည်။

ကျော်မျိုးနောင် ၏ "အရွေးမတူသော်လည်း အတွေးတူညီ မဲပေးမည်" (ဆောင်းပါး) စာမျက်နှာ - (၈၊ ၉) »



ရဲထက်၏ "အကုန်လုပ်ပေးနိုင်တယ်" (ကာတွန်း) စာမျက်နှာ - (၉) »

အလေးထားလို့ ဖော်ဆောင်သည် နိုင်ငံခေတ်မီ ဖွံ့ဖြိုးစည်၊ ဒီမိုကရေစီ အခွင့်အရေး လမ်းဖွင့်ဆောင်ရွက်ပေး။

ရေနံ့သာမောင်ကျော်ညွန့်၏ "မဲရုံဆီသို့ သွားကြစို့" (ကဗျာ) စာမျက်နှာ - (၉) »

အ င် တ ာ န က် ဇီ ဝ သိ ပ္ပံ သ တ င် း

အမေဇုန်မိုးသစ်တော၌ သတ္တဝါမျိုးစိတ်အသစ်များ တွေ့ရှိ

နာဂိုရာ အောက်တိုဘာ ၃၀

ယခင်က တွေ့ဖူး၊ ကြားဖူးခြင်းမရှိသေးသော တိရစ္ဆာန်မျိုးစိတ်သစ်များကို အမေဇုန် မိုးသစ်တောထဲတွင် ကမ္ဘာ့သားရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)က ရှာဖွေတွေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

တွေ့ရှိခဲ့ရသော တိရစ္ဆာန်မျိုးစိတ်သစ်များထဲတွင် ဆီဒင်ဘတ်စ်ကားတစ်စီးစာမျှ အလျားရှည်သော အင်နာကွန်ဒါ မြွေကြီးမျိုးများ၊ မျောက်များကိုပင် ဖမ်းဆီးစားသောက်သည့် ဧရာမ သားစားငါးခူကြီးများ၊ အစွယ်ပါ အပြာရောင်ပင့်ကူများနှင့် အဆိပ်ရှိ ဖားသတ္တဝါများ ပါဝင်သည်ဟု ဆိုသည်။

ကမ္ဘာ့သားရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးအဖွဲ့သည် ၎င်း၏ တွေ့ရှိချက်အစီရင်ခံစာကို ကမ္ဘာတစ်ဝန်းရှိ တိရစ္ဆာန်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုကိုကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သော ကုလသမဂ္ဂ ထိပ်သီးညီလာခံတစ်ရပ်တွင် တင်ပြခဲ့ခြင်းဖြစ်သည်။

သားရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမှုကိုကာကွယ်ရန် အမေဇုန်မိုးသစ်တောကို ထိန်းသိမ်းရေးသည် အသက်တမျှ အရေးကြီးကြောင်း ဒဗလျူဒဗလျူအက်ဖ်က အလေးအနက် ထောက်ပြပြောကြားသည်။ **အေအက်ဖ်ပီ။**

အမေဇုန် မိုးသစ်တောတွင် တွေ့ရသော Ephebopus Cyanognathus ပင့်ကူ မျိုးစိတ်သစ်။